မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၃၃)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အထူးလိုအပ်

တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပေသည်။ သို့အတွက်ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အထူးလိုအပ်လှသည်ကို ပြည်သူအားလုံးက သတိပြုသင့်ပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
[၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ ကောက်နုတ်ချက်]

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး **Hon. Mr. Albert F.Del Rosario** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Mr. Albert F. Del Rosario ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Mr. Albert F. Del Rosario နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M.Barber နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး **Hon. Mr. Albert F. Del Rosario** ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

ဂျာမနီထုတ် ဘီအမ်ဒဗလျူမော်တော်ယာဉ်များ တောင်ကိုရီးယား၌ ပြန်လည်သိမ်းဆည်း

စာ-၄

ဧရာဝတီမြစ်ကူးတံတား(ရေနံချောင်း) စာ-၇

ရန်ကုန်မြို့အတွင်း အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ရန် နှိုးဆော်ချက်ထုတ်ပြန်

“အမှိုက်စိုများကို အပြာနုရောင် ပလတ်စတစ်အိတ်ဖြင့်လည်းကောင်း၊ အမှိုက်ခြောက်များကို အစိမ်းနုရောင် ပလတ်စတစ်အိတ်ဖြင့်လည်းကောင်း လုံခြုံစွာ ချည်နှောင်၍ သတ်မှတ်နေရာတွင် စွန့်ပစ်ရန်”

စာ-၁၀

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်)

သက်ရှည်ကျန်းမာမှုရှေးရှု ဘောဇနမတ္တညု

လောက၌ လူတိုင်းသည် အနာမဲ့၍ အသက်ရှည်လိုကြသူများသာဖြစ်၏။ အသက်တိုခြင်းကိုမူ မနှစ်သက်ကြ။ အသက်ကို ရှည်ရှည်နေဖို့သာ လိုလားကြ၏။ အသက်ရှည်ခြင်းအကြောင်းတရားများကိုသာ အစဉ်ကြံဆ ကြိုးစားကြ၏။ ထိုအသက်ရှည်ခြင်းအကြောင်းတရားသည် တစ်နေ့တစ်ရက် လုပ်၍ပြီးသည့်ကိစ္စမဟုတ်။ နိစ္စဓူဝကိစ္စသာ ဖြစ်၏။

အသက်ရှည်ခြင်း၏ အဓိကအကြောင်းခံသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု ဆိုကြ၏။ ရှေးရှေးဘဝက ပြုသည့် ကံအကြောင်းတရားကြောင့် ယခုပစ္စုပ္ပန်ဘဝတွင် လူဖြစ်ကြရ၏။ 'ကံ' 'ကံ'၏အကျိုးကို ယုံကြည်ကြလျက် အသက်ရှည်ခြင်း၊ အသက်တိုခြင်းဆိုသည်ကို နားလည်သဘောပေါက်ကြ၏။

အသက်ရှည်လိုခြင်း စိတ်ဆန္ဒပြင်းပြ၍ ကျန်းမာအောင် ပြုမူနေထိုင်ခြင်းသည် အသက်ရှည်ခြင်း၏ အကြောင်းတစ်ပါးပင်ဖြစ်၏။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတည်းဟူသော ဓာတ်ကြီးလေးပါး ညီညွတ်မျှတစေခြင်းငှာ ဥတုရာသီနှင့် လိုက်ဖက်ညီစွာ ပြုမူနေထိုင်အပ်၏။ နွေ၊ မိုး၊ ဆောင်းဟူသော ရာသီစက်ဝန်းနှင့်အညီ စားသောက်နေထိုင်ခြင်းသည် အသက်ရှည်ခြင်းအကြောင်းတရားပင်ဖြစ်၏။

ထို့အပြင် အာဟာရသည်လည်း အသက်ရှည်ခြင်း အကြောင်းတစ်ပါးတွင် ပါဝင်၏။ "အစားမတော် တစ်လုတ်၊ အသွားမတော်တစ်လှမ်း"ဟူသောစကားရှိ၏။ မိမိနှင့်တည့်သောအစားအစာများကို ရွေးချယ်စားသုံးတတ်ရန်လိုသည်။ အထူးသဖြင့် သွေးတိုး၊ နှလုံး စသော ရောဂါအခံရှိကြသူများ အစားအသောက်ကို သတိပြု စားသောက်ကြရာ၏။ "အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်"ဟူသော စကားအတိုင်း အစားအစာကို သတိဖြင့် ဆင်ခြင်စားသုံးခြင်းသည် အကောင်းဆုံးဖြစ်၏။

လူအများစုတို့သည် အစာစားသည့်အခါ ဝအောင်စားကြ၏။ အချို့မှာ အဝအပြဲစားကြ၏။ အချို့မှာ တော်ရုံသင့်ရုံ စားကြ၏။ တော်တန်ရုံစားခြင်းသည် အကောင်းဆုံးဖြစ်၏။ အစားအသောက်ကို တော်တန်ရုံ ညီညွတ်မျှတစွာ စားသောက်ခြင်းသည် အသက်ရှည်ခြင်းအကြောင်းတစ်ပါးတွင် ပါဝင်၏။ ဗုဒ္ဓဘုရားရှင်က ရဟန်းသံဃာတော်များအား အစာစားသည့်အခါ ဘောဇနေမတ္တညုဖြစ်အောင် စားသောက်ရမည်ဟု ဟောကြားတော်မူခဲ့ဖူးသည်။ အစားအစာကို အတိုင်းအရှည်ကြည့်စားဟု ဆိုခြင်းဖြစ်၏။ လက်ယာတော်ရံ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကတော့ ဆွမ်းစားသည့်အခါ ဆွမ်းထမင်းလုတ် လေးလုတ်၊ ငါးလုတ် လျှော့စားရန် ဟောကြားတော်မူသည်။ ရေသောက်ရန်နေရာ ချန်စားကြရန် သတိပေးခြင်းဖြစ်သည်။

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ရှေ့ဆက်စားလျှင် လေး၊ငါးလုတ် ဝင်နိုင်မည်ဖြစ်သော်လည်း ဆက်မစားတော့ဘဲ ရေသောက်ချလိုက်ရန် ဟောကြားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဆေးပညာရှင်တို့ကလည်း မည်သည့်အစားအစာကို စားသည်ဖြစ်စေ နည်းနည်း နည်းနည်းစီ လျှော့စားသင့်ကြောင်း ဆေးပညာရှုထောင့်မှ သတိပေးခဲ့ဖူးသည်။

အစားအသောက်တစ်ခုကို အဝအပြဲစားသုံးခြင်းဖြင့် ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာမကြေခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ အစာအဆိပ်သင့်ခြင်း စသော ဆိုးကျိုးများကို ဖြစ်စေနိုင်ကြောင်း ဆေးပညာရှင်တို့က သတိပေးခဲ့ခြင်းဖြစ်၏။

ယနေ့ခေတ်တွင် ဟိုတယ်၊ မိုတယ်နှင့် စားသောက်ဆိုင်များ အပြိုင်အဆိုင် များပြားလာသည့်အလျောက် စားကောင်းသောက်ဖွယ်များဖြင့် ဆွဲဆောင်နေကြ၏။ ဟင်းအမယ်အမျိုးမျိုး၊ ချက်ပြုတ်နည်းအဖုံဖုံတို့ဖြင့်လည်း ဖိတ်ခေါ်လျက်ရှိ၏။ အစားအသောက်များ မည်မျှပင်ကောင်းစေကာမူ အလွန်အကျွံစားသောက်ခြင်းကို ရှောင်ကြဉ်ပြီး သက်ရှည်ကျန်းမာမှုကို ရှေးရှုလျက် ဘောဇနမတ္တညုမျှတအောင် ချင့်ချိန်စားသုံးကြရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းပေး

လှည်းကူး ဖေဖော်ဝါရီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းကို ဖေဖော်ဝါရီ ၅ ရက်နံနက် ၉ နာရီက လှည်းကူးအထက အောင်ဆန်းခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** သင်တန်းတွင် တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ သင်တန်းသို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပရိယတ္တိဓမ္မာနုဂ္ဂဟစာမေးပွဲ ပျော်ဘွယ်မြို့၌ကျင်းပ

ပျော်ဘွယ် ဖေဖော်ဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ပရိယတ္တိဓမ္မာနုဂ္ဂဟစာမေးပွဲကြီးကြပ်ရေးအဖွဲ့နှင့်အကျိုးတော်ဆောင်အဖွဲ့တို့က ကြီးမှူးကျင်းပသည့် ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိဓမ္မာနုဂ္ဂဟစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက ပျော်ဘွယ်မြို့ ရာပြည့်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာစာမေးပွဲကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီးနောက် ပျော်ဘွယ်မြို့နယ် နိုင်ငံတော်ဩဝါဒါစရိယ ရေလည်ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ပျော်ဘွယ်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိဓမ္မာနုဂ္ဂဟစာမေးပွဲသို့ အခြေပြုမူလတန်း ၁၃၅ ပါး၊ ပထမငယ်တန်း ၅၅ ပါး၊ ပထမလတ် အပါး ၃၀နှင့် ပထမကြီး ၁၉ ပါး စုစုပေါင်းရဟန်းသာမဏေ ၂၃၉ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် နိုင်ငံတော်ဩဝါဒါစရိယ ရေလည်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တအာသဘ၊ မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တသုဇနနှင့်ဆရာတော် သံဃာတော်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဆည်မြို့နယ် အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေး

ကျောက်ဆည် ဖေဖော်ဝါရီ ၉

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောက်ဆည်မြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့်ကျောက်ဆည်မြို့နယ် စမာတိုက်နယ်ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများပါဝင်သောအဖွဲ့ ၁၀ဖွဲ့တို့သည် ဖေဖော်ဝါရီ ၄ ရက်က ကျောက်ဆောက်ကုန်း ကျေးလက်နေပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ကြပြီး အထူးကုဆရာဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ကျန်းမာရေးပညာပေးဟောပြောကြကြောင်း သိရှိရသည်။ (၄၀၈)

ရေယာဉ်စက်ခန်းအုပ်များ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန ရေယာဉ်စက်ခန်းအုပ်များ မွမ်းမံသင်တန်း (၁/၂၀၁၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ အလုံ သင်္ဘောကျင်းဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားသည်။

လက်တွေ့သင်ကြား

အဆိုပါ မွမ်းမံသင်တန်းသို့ ရေယာဉ်စုအင်ဂျင်နီယာဌာနခွဲ ရန်ကုန် အခြေပြု၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲနှင့် မြစ်ဝကျွန်းပေါ်ဌာနခွဲ ရေယာဉ်များမှ စက်ခန်းအုပ်ရာထူးအဆင့်ဆင့် ဝန်ထမ်း ၄၀တက်ရောက်ကြပြီး စက်ခန်းဝန်ထမ်းများ၏ တာဝန်ဝတ္တရားများ၊ စက်ပိုင်းဆိုင်ရာအခေါ်အဝေါ်များနှင့်လုပ်ဆောင်ချက်များ၊ ရှပ်လိုင်း၊ ပန်ကာ၊ တက်မထိန်းစနစ်များ၊ ရေယာဉ်စက်ခန်း ဝန်ထမ်းအဆင့်ဆင့် စက်ခန်းတာဝန်စောင့်ကြပ်မှု ထိရောက်စွာထမ်းဆောင်ခြင်းစနစ်များ၊ စက်ခန်းအတွင်း တပ်ဆင်ထားသည့်ပစ္စည်းများ၊ ရေယာဉ်လျှပ်စစ်စနစ်များ၊ မီးသတ်ဆေးဘူး၊ ဘက်ထရီ၊ လေအိုးများ၊ ဂိတ်အမျိုးမျိုးများစသည့် အခြေခံကျသည့်ကိစ္စရပ်များကို အင်ဂျင်နီယာ သင်တန်းဆရာများက ဦးစီး၍ စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး ရေစကြိုမြို့နယ်၌ စုပေါင်းပျိုးထောင်

ရေစကြို ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ တောင်သူ ဦးတင်ညွန့်၏လယ်မြေတွင် ဖေဖော်ဝါရီ ၇ ရက် နံနက်က တောင်သူပညာပေးမြို့နယ်ကိုယ်စားပြု စံပြ ၁၀ ဧက အတွက် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါးကို သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် စုပေါင်းပျိုးထောင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိန်မောင်က ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါးကို သိပ္ပံနည်းကျ စိုက်ပျိုးစနစ်(၁၄)ချက်နှင့်အညီ စတင်ပျိုးထောင်သည့်မှရိတ်သိမ်းချိန်အထိ ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး OISCA သင်တန်းကျောင်း ကျောင်းအုပ်ကြီး Mr. KERSUKE FUJILL က သိပ္ပံနည်းကျ စိုက်ပျိုးစနစ်(၁၄)ချက်နှင့်အညီ လက်တွေ့လိုက်နာစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများဦးဆောင်၍ OISCAမှ သင်တန်းသား သင်တန်းသူများ၊ တောင်သူများစုပေါင်း၍သံဆန်ခါကွက်ဖြင့် လက်တွေ့ မျိုးစေ့ချပျိုးထောင်ကြသည်။ **(အောက်ပုံ)**

အဆိုပါ တောင်သူပညာပေး မြို့နယ်ကိုယ်စားပြု ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး ၁၀ဧကအတွက် တစ်ဧကလျှင် ကွန်ပေါင်းမြေဩဇာ တစ်အိတ်စီ၊ ငါးလဆပ် အတိုးမဲ့ချေးငွေကျပ်တစ်သိန်းစီနှင့် မျိုးစေ့ကို လယ်ယာ၊ သစ်တောစိုက်ပျိုးရေးသင်တန်းကျောင်း (OISCA)မှ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရှိရသည်။

ထွန်းထွန်းလှိုင်(ဖေထွဏ်းဇော်)

ဖျာပုံမြို့နယ်၌ နွေစပါးစိုက်ပျိုးစရိတ်ထုတ်ချေးပေး

ဖျာပုံ ဖေဖော်ဝါရီ ၉

ဖျာပုံမြို့နယ် ဧရာဝတီစိမ်းလန်းမြေ ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ အောင်ဆုပိုင် လယ်ယာကုန်ထုတ်အသင်းသို့ ဒုတိယအကြိမ် ၂၀၁၂ ခုနှစ် နွေစပါးစိုက်ပျိုးစရိတ် ထုတ်ချေးခြင်းအခမ်းအနားကို မြို့နယ်ဆန်စပါးလုပ်ငန်းအသင်းရုံး၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှငွေး၊ ဧရာဝတီစိမ်းလန်းမြေ ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၁၂ခုနှစ် နွေစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးပြီးနောက် ချေးငွေ အစောဆုံးပြန်လည်ပေးဆပ်သည့် တောင်သူသုံးဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အခမ်းအနားတွင် အောင်ဆုပိုင် လယ်ယာကုန်ထုတ်အသင်းဝင် ကျုံတာကျေးရွာမှ တောင်သူလယ်သမား ၄၈ဦးအား တစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၁၇၈ ဧကအတွက် ငွေကျပ် ၈၉ သိန်း ထုတ်ချေးခဲ့ပြီး ပုလဲသွယ်စပ်မျိုးစပါးစိုက် တောင်သူများအား တစ်ဧက တင်း ၂၀၀ ထွက်ရှိပါက စပါးတင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ဝယ်ယူရန် ကြိုတင်ငွေကျပ်နှစ်သိန်းစီ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) (ခရိုင် ပြန်/ဆက်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

လျှပ်စစ်မီးနှင့်သာသနိကအဆောက်အအုံများ ချောင်းဦးမြို့နယ်၌ လှူဒါန်းပွဲ ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၉

ရာသက်ပန်လျှပ်စစ်မီးနှင့် သာသနိကအဆောက်အအုံများ ရေစက်ချလှူဒါန်းပွဲကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးချစ်ဆွေနှင့်ဇနီးဒေါ်တင်မမ(ချစ်ဆွေ ဟိုတယ်+ ပရိဘောဂ) မိသားစုတို့က အောင်ချမ်းသာကျေးရွာ ရာသက်ပန်လျှပ်စစ်မီးအတွက် အလှူငွေကျပ်သိန်း ၂၅၀နှင့် သာသနိကအဆောက်အအုံအတွက် ငွေကျပ်သိန်း ၅၀တို့ကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က အမှာစကားပြောကြားပြီး အလှူရှင် ဦးချစ်ဆွေက ရာသက်ပန်လျှပ်စစ်မီး လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့်အဖွဲ့သည် ထမနဲထိုးပြိုင်ပွဲဝင် အသင်းအဖွဲ့များ၏ ပြင်ဆင်ထားရှိမှုနှင့် တပျော်တပါး ပါဝင်ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပထမဆုရ အကောင်းဆုံး ထမနဲဆုကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)အသင်း၊ ဝတ်စားဆင်ယင်မှုတွင် ဝန်ကြီးရုံးအသင်းနှင့် အိုးစည် ဒိုးပတ်အကတွင် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး)အသင်းတို့အား ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဒုတိယ၊ တတိယဆုရအသင်းများအား ဒုတိယဝန်ကြီးများဖြစ်သည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့ကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူများအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်တို့ကလည်းကောင်း ပေးအပ်ကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်း ထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးရုံး တစ်ဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ငါးဖွဲ့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်ဖွဲ့၊ နေပြည်တော်ခရိုင်တစ်ဖွဲ့၊ ရန်ကုန်-မန္တလေးအမြန်လမ်းမှ နှစ်ဖွဲ့၊ လမ်းအထူးအဖွဲ့(၅)မှ တစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ (၁၃)မှ တစ်ဖွဲ့၊ တံတားအထူးအဖွဲ့(၃)မှ တစ်ဖွဲ့ စုစုပေါင်းအဖွဲ့ ၁၄ ဖွဲ့ ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောက်၊ ဆိပ်ဖြူနှင့် ရေနံချောင်းတို့၌ ပြည်သူ့ဆေးရုံများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ ပြည်သူ့ဆေးရုံ၌ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လွင်၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံ၍ **(အပေါ်ပုံ)** ချောက်မြို့နယ်ပြည်သူ့ဆေးရုံ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ မြို့နယ်အတွင်းပြည်သူများအား မျက်စိရောဂါကုသပေးခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

တိကျမှန်ကန်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးအနေဖြင့် မိမိတို့မြို့နယ်အတွင်း လာရောက်ဆောင်ရွက်သည့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၏ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုများကို သိရှိထားရမည်ဖြစ်ကြောင်း၊ စာရင်းဇယားများ တိကျမှန်ကန်မှုရှိရန် အရေးကြီးကြောင်း၊ စာရင်းဇယားများ တိကျမှန်ကန်မှုရှိမှသာ စီမံချက်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း၊ ဆေးရုံရှိ သူနာပြုများအနေဖြင့် လူနာနှင့် ပြည်သူများအား ပြောဆိုဆက်ဆံရာတွင် ပြေပြေပြစ်ပြစ် သိမ်သိမ်မွေ့မွေ့ ပြောဆိုဆက်ဆံကြရန် လိုအပ်နေသေးကြောင်းကို မှာကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများ ကာကွယ်ရေးအတွက် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေး၊ ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အစားအသောက်သန့်ရှင်းရေးကို အချိန်နှင့်တစ်ပြေးညီ ပြည့်စုံအောင် ဆောင်ရွက်ကြရေး၊ မိခင်နှင့်ကလေး ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှင့် အာဟာရဖွံ့ဖြိုးရေးအတွက် သန်ကောင်အန္တရာယ်ကာကွယ်ရန် သန်ချဆေးများတိုက်ကျွေးသည့်လုပ်ငန်းများကို ဆောင်ရွက်သွားကြရေးတို့ကို မှာကြားကာ ရေနံချောင်းခရိုင် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ရုံးမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ပြင်သစ်နိုင်ငံအခြေစိုက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ရုံးမှ Executive Director Mr. Ryuhei Hosoya သည် ယူနက်စကို (မြန်မာ)ရုံးမှ Programme Manager, Mr. Sardar Umar Alam နှင့်အတူ ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံရှိ အမျိုးသားဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းများသို့ တင်သွင်းသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ယူနက်စကိုမှအကူအညီပေးနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

✻ ကျော်ဖုံးမှ

ထားတဲ့ ဂျော့ကလူနေ၊ The Artist ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ဂျိမ်းဒူဂျာဒင်၊ Tinker Tailor Soldier Spy as George Smiley ဇာတ်ကား မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ဂယ်ရီအိုးမင်း၊ Moneyball as Billy Beane ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ ဘရက်ပစ်တို့ပဲဖြစ်ပါတယ်။

အမည်စာရင်းထွက်ပေါ်

အော်စကာဆုရမယ်လို့ အမည်စာရင်းထွက်ပေါ်နေတဲ့ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်တွေကတော့ ဂလန်းဂလို့၊ ဗီအိုလာဒေးဗစ်၊ ရွှန်နေမာရာ၊ မာရယ်စတိပ်၊ မီချယ်လီဝီလီလျံတို့ပဲဖြစ်ပါတယ်။

ရိုက်ကူး

အကောင်းဆုံး ဒါရိုက်တာအဖြစ် အမည်စာရင်းထွက်ပေါ်လာသူတွေကတော့ Midnight in Paris ဇာတ်ကား ရိုက်ကူးတဲ့ ဝူဒီအလန်၊ The Artist ဇာတ်ကားရိုက်ကူးတဲ့ မိုက်ကယ်ဟာဇာနာဗီစီရပ်စ်၊ The Tree of Life ဇာတ်ကားရိုက်ကူးတဲ့ တာရင့်မာလစ်၊ The Descendants ဇာတ်ကား ရိုက်ကူးတဲ့ အလက်ဇန္ဒားပိန်း၊ Hugo ဇာတ်ကား ရိုက်ကူးတဲ့ မာတင်စကောစီစီတို့ပဲ ဖြစ်ပါတယ်။ **(အင်တာနက်)**

ဆုချီးမြှင့်

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က အမက(၁၉)လှိုင်တွင်ကျင်းပရာ ဘာသာစုံ ပထမဆုရရှိသော ဒုတိယတန်းမှ မခင်လပြည့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဆင့် ဆုချီးမြှင့်စဉ်။ (၁၂၂)

◆ ကျော်ဖုံးမှ

ခုခံအားကျဆင်းစေသော HIV ဗိုင်းရပ်စ်ပိုးများ တိုးပွားလာခြင်းနှင့် ခန္ဓာကိုယ်အတွင်း ရောဂါပိုးပျံ့နှံ့ခြင်းများကို ကုသရာတွင် တန်နိုဖိုဗီယာ သောက်ဆေးသည် ပိုမိုအကျိုးသက်ရောက်စေမည်ဖြစ်သည်။

ဝေဒနာရှင်များအနေဖြင့် တစ်လတာဆေးကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၀ သာ ကုန်ကျမည်ဖြစ်သည်။ ယင်းဆေးမျိုးကို ဥရောပနိုင်ငံများ၌ ဒေါ်လာ ၆၀၀ ကုန်ကျနေမှုနှင့် နှိုင်းယှဉ်လျှင် သက်သာနေကြောင်း၊ ရောဂါခံစားရချိန်တွင် ၎င်းဆေးအား တစ်နေ့တစ်လုံးသာသောက်ရမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ သုတေသနပညာရှင် ဆမ်မြူရယ်အိုပီအိုက ပြောကြားသည်။

ဆေးဝါးအသစ်များကို လာမည့်နှစ်တွင် အစိုးရကျန်းမာရေးဌာနများတွင် စတင်ရရှိမည်ဖြစ်သည်။

၎င်းဆေးများကို နိုင်ငံပိုင်လုပ်ငန်းတစ်ခုမှ ဈေးနှုန်းသတ်မှတ်ကာ နိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝပြီး ဘေးထွက်ဆိုးကျိုးနည်းသော ဆေးဖြစ်သောကြောင့် ဖြန့်ဖြူးပြီး ခြောက်လကျော်တွင် လူဦးရေ ၅၀၀၀၀ ခန့် စတင်အသုံးပြုနိုင်ကြောင်း အမျိုးသားဆေးဝါးဌာနမှ ပြောကြားသည်။

အကုန်အကျသက်သာ

၎င်းဆေးအား စက်ရုံထုတ် ဈေးအနေဖြင့် တစ်လုံးလျှင် ၁ ဒသမ ၉ ဒေါ်လာဖြင့် စတင်ထုတ်လုပ်ရောင်းချမည်ဖြစ်ရာ နောက်ပိုင်းတွင် ၎င်းထက် ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ပြီး သုံးစွဲသူများအတွက် အကုန်အကျသက်သာလာမည်ဖြစ်ကြောင်း သိရသည်။

ယူဂန္ဒာနိုင်ငံသား ၅၄၀၀၀၀ သည် အေအိုင်ဒီအက်စ်ဖြစ်ပွားလျက် ရှိပြီး ၂၁၈၀၀၀ ဦးသည် ဆေးကုသမှုခံယူလျက်ရှိကြောင်း Uganda AIDS Commision ၏ စာရင်းဇယားများ၌ ဖော်ပြထားသည်။ ***(အင်တာနက်)***

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အထက (၄) ကြည့်မြင်တိုင် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်က ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကောင်းထက်အောင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

❍ ကျော်ဖုံးမှ

ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန် ၇၈ မိနစ်အရောက်တွင် ဇမ်ဘီယာအသင်းမှ မာယူကာက ဂိုးသွင်းယူနိုင်ခဲ့သည်။ ဂါနာတို့ချေပဂိုးများရရှိရေး ကြိုးစားခဲ့သော်လည်း ပွဲချိန် ၈၄ မိနစ်၌ ဘိုအာတန်ကစားပုံကြမ်းတမ်းသဖြင့် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။

တက်ရောက်နိုင်

ပွဲချိန်ပြည့်သည်အထိ ဂါနာတို့ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး ဇမ်ဘီယာတို့ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် မာလီနှင့်အိုင်ဗရီကို့စ်အသင်းတို့ပွဲတွင် မာလီတို့က ခြေရည်တူကစားပြီး ထိုးဖောက်ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့သဖြင့် အိုင်ဗရီကို့စ်တို့ တိုက်စစ်ကိုစိတ်ကြိုက်ဖွင့် မကစားနိုင်ခဲ့ချေ။ သို့သော် ပထမပိုင်းပွဲချိန် ပြီးခါနီး ၄၅ မိနစ်၌ အိုင်ဗရီကို့စ်မှဂါဗင်ဟိုက ဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့သဖြင့် အိုင်ဗရီကို့စ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး အာဖရိကဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျည်တောင်ကန်ကျေးရွာ အားကစားကွင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက ပထမဆုရ အေးမြင့်သာယာအသင်းအား ငွေကျပ် ငါးသိန်း ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နိုင်ငံတကာသတင်းများ

ဆီးရီးယားမှ သံတမန်ပြန်ခေါ်ရန် အစီအစဉ်မရှိဟု အီးယူဆို

ဘရပ်ဆယ် ဖေဖော်ဝါရီ ၉

ဆီးရီးယားနိုင်ငံ၌ ဆက်လက်မငြိမ်မသက်ဖြစ်နေသော်လည်း ဥရောပသမဂ္ဂ (အီးယူ) အနေဖြင့် ဆီးရီးယားနိုင်ငံရှိ သံတမန်ကို ပြန်ခေါ်ရန် ရည်ရွယ်ချက်မရှိကြောင်း ဥရောပသမဂ္ဂ (အီးယူ)က ဖေဖော်ဝါရီ ၇ ရက်တွင် ကြေညာသည်။

လေ့လာပြီး ပြန်လည်အစီရင်ခံတင်ပြရန်အတွက် ဥရောပသမဂ္ဂက ဆီးရီးယားနိုင်ငံ၌ သံတမန်ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း အီးယူနိုင်ငံခြားရေး မူဝါဒဆိုင်ရာအကြီးအကဲ ကက်သလင်းအက်ရှတန်၏ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်မန်းက ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားလိုက်ခြင်းဖြစ်သည်။ ဤအချိန် ဤအခြေအနေတွင် ဆီးရီးယားနိုင်ငံ ဒမတ်စကပ်ရှိ မိမိတို့သံတမန်အကြီးအကဲကို ပြန်ခေါ်ရန် အစီအစဉ်တစ်စုံတစ်ရာမရှိကြောင်း မိုက်ကယ်မန်းက ပြောကြားသည်။ (အင်တာနက်)

နေတိုးဒုံးပျံဖြန့်ကြက်ရေးကိစ္စ ရုရှားနှင့်ဆွေးနွေးမှု သောင်မတင်ရေမကျဖြစ်နေ

မော်စကို ဖေဖော်ဝါရီ ၉

ဥရောပတိုက်အတွင်း နေတိုးအဖွဲ့ပိုင် ဒုံးပျံစနစ်ဖြန့်ကြက်ရေးကိစ္စနှင့်စပ်လျဉ်း၍ မိမိတို့နှင့်နေတိုးအဖွဲ့ဝင်တို့၏ ဆွေးစပ်ဆွေးနွေးပွဲများ (အပေါ်ပုံ)မှာ ရှေ့မတိုးနောက်မဆုတ်နိုင်ဘဲ သောင်မတင်ရေမကျ အခြေအနေတွင်ရှိကြောင်း ရုရှားနိုင်ငံက ဖေဖော်ဝါရီ ၈ ရက်တွင် ကြေညာသည်။

ပြောကြား

နေတိုးအဖွဲ့၏ ဥရောပဒုံးပျံဖြန့်ကြက်ရေးစနစ်မှာ ရုရှားနိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း ရုရှားဒုတိယကာကွယ်ရေးဝန်ကြီးနှင့် ယင်းကိစ္စအတွက် နေတိုးနှင့် ဆွေးစပ်ရေးမှူးဖြစ်သူ အနာတိုလီအင်တိုနော့ဗ်က ဖေဖော်ဝါရီ ၇ ရက်၌ ပြောကြားသည်။

ထောက်ပြ

၂၀၁၀ ခုနှစ်က အမေရိကန်အစိုးရနှင့် လက်မှတ်ထိုးထားမည့် မဟာဗျူဟာလက်နက်လျှော့ချရေးစာချုပ်မှ ရုရှားက ထွက်ကောင်းထွက်မည်ဖြစ်ကြောင်း ဒုတိယကာကွယ်ရေးဝန်ကြီး အနာတိုလီအင်တိုနော့ဗ်က ထောက်ပြပြောကြားသည်။ (အင်တာနက်)

ကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ပါကစ္စတန်၌ အရပ်သား ၁၀ ဦးသေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၉

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်အနီး ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်၌ အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်း (အောက်ပုံ)က တိုက်ခိုက်၍ အနည်းဆုံး အရပ်သား ၁၀ ဦးသေဆုံးသွားခဲ့ကြောင်း ဖေဖော်ဝါရီ ၈ ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်လုံခြုံရေးအရာရှိများနှင့် ဒေသခံပြည်သူတို့၏ ပြောပြချက်အရ မြောက်ဝါဇီရစ္စတန်ပြည်နယ် မီရန်ရှားမြို့အရှေ့ဘက် ၁၅ ကီလိုခန့်အကွာ သာပီကျေးရွာရှိ လူနေအိမ်တစ်အိမ်ကို ယင်းနေ့စောစောပိုင်းတွင် မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့် နှစ်ချက်ပစ်သည်ဟု သိရသည်။ ယင်းသို့လေကြောင်းမှ တိုက်ခိုက်သည့်အတွက် နေအိမ်မှာ လုံးဝပျက်စီးသွားပြီး အရပ်သား ၁၀ ဦးသေဆုံးကာ လေးဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ဂျာမနီထုတ် ဘီအမ်ဒဗလျူမော်တော်ယာဉ်များ တောင်ကိုရီးယား၌ ပြန်လည်သိမ်းဆည်း

ဆိုးလ် ဖေဖော်ဝါရီ ၉

ဂျာမနီနိုင်ငံမှ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဘီအမ်ဒဗလျူက ထုတ်လုပ်ထားပြီး တောင်ကိုရီးယားနိုင်ငံတွင် ဖြန့်ဖြူးရောင်းချထားသည့် ဘီအမ်ဒဗလျူကား ၂၂၇၁ စီး (အောက်ပုံ)ကို အအေးပေးစနစ်ချွတ်ယွင်းမှုကြောင့် ပြန်လည်ရုပ်သိမ်းနေကြောင်း တောင်ကိုရီးယားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖေဖော်ဝါရီ ၉ ရက်၌ သတင်းထုတ်ပြန်သည်။

ဘီအမ်ဒဗလျူ မော်တော်ယာဉ်များ၏ အင်ဂျင်စွမ်းအားပိုမိုကောင်းမွန်စေရန် အင်ဂျင်အတွင်းသို့ အအေးဓာတ်များပိုမိုပေးပို့နိုင်ရေးအတွက် အအေးပေးစနစ်ပုံစံပြောင်းလဲရန် ဈေးကွက်မှပြန်လည်သိမ်းဆည်းနေခြင်းဖြစ်သည်ဟု ၎င်းသတင်း၌ ဖော်ပြသည်။ ထိုသို့ပြန်လည်ပြုပြင်မှုမရှိပါက မော်တော်ယာဉ်မောင်းနှင်ချိန်၌ အင်ဂျင်အပူချိန်မြင့်တက်ပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်းအတွက်ကြောင့်ဖြစ်သည်ဟု ၎င်းကုမ္ပဏီမှတာဝန်ရှိသူများက ပြောကြားသည်။ ယခုသိမ်းဆည်းနေသည့် ဘီအမ်ဒဗလျူမော်တော်ယာဉ်များမှာ ၂၀၀၇ ခုနှစ် မတ်လ ၁ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အတွင်း ထုတ်လုပ်ထားသော မီနီကိုးပါအက်စ်မော်ဒယ်ကားများဖြစ်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဂျော်ဂျီယာ၌ ဆီးနှင်းများကျဆင်းမှုကြောင့် ကျောင်းများပိတ်ထားရ

တီဘီလီစီ ဖေဖော်ဝါရီ ၉

ဂျော်ဂျီယာနိုင်ငံတစ်ဝန်းတွင် အပူချိန်များကျဆင်းပြီး ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းနေမှုကြောင့် စာသင်ကျောင်းများအားလုံးကို ပိတ်ထားလိုက်ပြီဖြစ်ကြောင်း ဂျော်ဂျီယာအစိုးရက ဖေဖော်ဝါရီ ၉ ရက်၌ သတင်းထုတ်ပြန်သည်။

ဂျော်ဂျီယာနိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းအားလုံးကို လာမည့်ဖေဖော်ဝါရီ ၁၃ ရက်မှသာ ပြန်လည်ဖွင့်လှစ်ရန်သတင်းထုတ်ပြန်ထားသည်။ ယခုအခါ ဆီးနှင်းများဆိုးရွားစွာကျဆင်းနေသဖြင့် တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူ ၇၀ ရာခိုင်နှုန်းခန့်မှာကျောင်းများသို့ မလာရောက်နိုင်သဖြင့် ကျောင်းများပိတ်လိုက်ရခြင်းဖြစ်သည်ဟု ဂျော်ဂျီယာပညာရေးဝန်ကြီး ဒီမီထရီရှာစကင်က ပြောကြားသည်။

ဂျော်ဂျီယာမြို့တော် တီဘီလီစီတွင် နေရာအနှံ့၌ ဆီးနှင်းထု ၁၅ စင်တီမီတာ အထိကျဆင်းနေပြီး ဖေဖော်ဝါရီ ၁၂ ရက်နောက်ပိုင်းမှသာ ဆီးနှင်းကျဆင်းမှုလျော့နည်းသွားမည်ဖြစ်ကြောင်း မိုးလေဝသသုတေသနပညာရှင်များက ခန့်မှန်းထားသည်။

လက်ရှိအချိန်တွင် ဂျော်ဂျီယာနိုင်ငံအနှံ့အပြား၌ အပူချိန် အနုတ် ၈ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းလျက်ရှိသည်။ လမ်းများပေါ်တွင် ဖုံးလွှမ်းနေသော ဆီးနှင်းများကို ရှင်းလင်းရေးမော်တော်ယာဉ်များဖြင့် ဖယ်ရှားရန် ဆောင်ရွက်လျက်ရှိသည်။ (အင်တာနက်)

တရုတ်ရေလက်ကြားတွင် ခရီးသည်တင်သင်္ဘောသောင်တင်

ပေကျင်း ဖေဖော်ဝါရီ ၉

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်နှင့် ကွမ်တုန်ပြည်နယ်အကြား ရေလက်ကြားတွင် ဖေဖော်ဝါရီ ၈ ရက်က နာရီပေါင်းများစွာ သောင်တင်နေခဲ့သော ခရီးသည်တင်သင်္ဘောမှ ခရီးသည် ၇၀၀ ကျော်ကို ကယ်ဆယ်ခဲ့ရကြောင်း တရုတ်အရာရှိများက ဖေဖော်ဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ကျန်ကျင်းမြို့တွင် မှတ်ပုံတင်ထားသော နန်ဖန်-၁ အမည်ရှိ ၎င်းသင်္ဘောသည် ကျန်ကျို့ရေလက်ကြားတွင် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က သောင်တင်သွားခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ) အဆိုပါခရီးသည်တင်သင်္ဘောသည် ကွမ်တုန်ပြည်နယ် စူဝမ်စီရင်စုဆိပ်ကမ်းမှ ထွက်ခွာလာပြီး မကြာမီသောင်တင်သွားခဲ့ခြင်းဖြစ်သည်။ ၎င်းသင်္ဘောမှာ စူဝမ်စီရင်စုမှ ဟိုင်ကူမြို့ဆိပ်ကမ်းသို့ မောင်းနှင်လာစဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းသင်္ဘောသည် အရှည် ၁၀၉ မီတာရှိပြီး ခရီးသည်နှင့် သင်္ဘောဝန်ထမ်း ၈၁၅ ဦးအားတင်ဆောင်လာသည့်အပြင် ကား ၈၆ စီးနှင့် ကုန်တန်ချိန် ၇၃၂ တန် သယ်ဆောင်လာသည့် သင်္ဘောဖြစ်သည်။ ခရီးသည်များကို ယင်းနေ့ ညနေ ၆ နာရီ ၄၈ မိနစ်၌ ရေယာဉ်သုံးစင်းဖြင့် အားလုံးကယ်ဆယ်နိုင်ခဲ့ပြီး မော်တော်ယာဉ်များကိုလည်း သယ်ယူနိုင်ခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၉-၂-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

ပါကစ္စတန်သို့ ခေတ်မီလေယာဉ်သုံးစင်း တူရကီလွှဲအပ်

တူရကီလေယာဉ်ထုတ်လုပ်ရေးစက်မှုဇုန်မှ ပါကစ္စတန်လေတပ်များသို့ F-16 အမည်ရှိ ခေတ်မီလက်နက်များ တပ်ဆင်ထားသည့်လေယာဉ်သုံးစင်းကို ဖေဖော်ဝါရီ ၈ ရက်က လွှဲအပ်ပေးခဲ့ကြောင်း အစိုးရအာဘော်တစ်ပိုင်း အင်နာတိုလီယာသတင်းဌာနက ထုတ်ပြန်ခဲ့သည်။ တူရကီနှင့်ပါကစ္စတန်နိုင်ငံတို့သည် ရေဒီယို၊ လျှပ်စစ်ပစ္စည်းများနှင့် သတင်းအချက်အလက် ပြန်ကြားမှုစနစ်များအပါအဝင် နည်းပညာဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများပြည့်ပြည့်ဝဝရရှိခဲ့ကြောင်း တူရကီစက်မှုကာကွယ်ရေးအကြီးအကဲ မူရတ်ဘာယာက အဆိုပါလွှဲအပ်ရေးအခမ်းအနားတွင် ပြောကြားမှုကို ၎င်းသတင်းဌာနက ကိုးကားဖော်ပြသည်။ ပါကစ္စတန်နိုင်ငံ၏လေကြောင်းကာကွယ်မှုတွင် လေယာဉ်များမှာ ဖွဲ့စည်းတည်ဆောက်မှုနှင့် လေယာဉ်ထုတ်လုပ်မှုပုံစံ နည်းပညာကဏ္ဍများ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ပို၍အင်အားကောင်းလာမည်ဖြစ်ကြောင်း ပါကစ္စတန်လေတပ် ဒုတိယအကြီးအကဲ ဗိုလ်ချုပ်အဆင့်မ် စူလီယာမင်းန်က ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ လူမျိုးစုခေါင်းဆောင်လုပ်ကြံခံရ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဖေဖော်ဝါရီ ၇ ရက်က လူမျိုးစုခေါင်းဆောင်တစ်ဦးအား လက်နက်ကိုင်များက လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့အရာရှိများက ပြောကြားသည်။ မီကီဆတ်ဘေးအမည်ရှိ အဆိုပါလူမျိုးစုခေါင်းဆောင်သည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း အဂူစန်ဒယ်နော့ပြည်နယ် ကာဘက်ဘာရန်မြို့ ပူတင်ဘာတိုကျေးရွာရှိ ၎င်း၏နေအိမ်သို့အပြန်တွင် ယင်းလက်နက်ကိုင်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်ခံရမှုကြောင့် ၎င်းမှာ ဒဏ်ရာပြင်းထန်စွာ ခံစားရပြီးနောက် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်သည်ကို ရှင်းလင်းစွာမသိရသေးကြောင်း၊ သို့သော်လည်း ယင်းပြည်နယ်တွင် လှုပ်ရှားနေသည့် လက်ဝဲဝါဒစွဲ အကြမ်းဖက်အုပ်စုတစ်စု၏ လက်ချက်ဖြစ်နိုင်ကြောင်း အရာရှိများက ဆက်လက်ပြောကြားခဲ့သည်။

ဆူဒန်၌ ဖမ်းဆီးခံရသည့် တရုတ်အလုပ်သမားများလွတ်မြောက်

ဆူဒန်နိုင်ငံ တောင်ကော်ဒိုဖန်ပြည်နယ်၌ အကြမ်းဖက်သမားများ ပြန်ပေးဆွဲသွားသည့် တရုတ်အလုပ်သမား ၂၉ ဦးအား ပြန်လည်လွှတ်ပေးလိုက်ပြီး လေကြောင်းခရီးဖြင့် ကင်ညာနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ပြီးခဲ့သည့်လက ဆူဒန်နိုင်ငံတွင် ဒေသတွင်းအကြမ်းဖက်သမားများက ပြန်ပေးဆွဲသွားပြီးနောက် ပြန်လည်လွှတ်မြောက်လာသည့် တရုတ်အလုပ်သမား ၂၉ ဦးအား ဆူဒန်အာဏာပိုင်များက ကြက်ခြေနီလေယာဉ်ဖြင့် ဖေဖော်ဝါရီ ၇ ရက် နံနက်က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ ပို့ပေးခဲ့ပြီး ယင်းမြို့ရှိ တရုတ်သံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။ ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှု (အက်စ်ပီအယ်အမ်-အင်န်) အဖွဲ့က တရုတ်လမ်းဖောက်လုပ်ရေးကုမ္ပဏီ၏စခန်းတစ်ခုမှ ပြီးခဲ့သည့် ဇန်နဝါရီလကုန်က အဆိုပါဆောက်လုပ်ရေးအလုပ်သမားတို့အား ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းဖြစ်သည်။

ကြားဖြတ်ဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်လွှတ်မည်

အိန္ဒိယနိုင်ငံ သြရိသပြည်နယ် အရှေ့ဘက်ကမ်းလွန်တွင် ကြားဖြတ်ဒုံးကျည်များကို ဖေဖော်ဝါရီ ၁၀ ရက်၌ စမ်းသပ်ပစ်လွှတ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဆိုင်ရာသတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။ ပရစ်ဗစ်အမည်ရှိ အဆိုပါ ကြားဖြတ်တိုက်ဒုံးကျည်ကို ဒေသလုံခြုံရေးအတွက် ဘင်္ဂလားပင်လယ်အော်ဝေဟင်အထက် လေထုအတွင်းတွင် စမ်းသပ်ပစ်ခတ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် ဒုံးကျည်ကာကွယ်ရေးအစီတ်အပိုင်းတစ်ရပ်အနေဖြင့် ဖြန့်ကြက်ချထားရန် အိန္ဒိယနိုင်ငံ၏ စီစဉ်မှုတစ်ရပ်အဖြစ် စမ်းသပ်ခြင်းပင်ဖြစ်ကြောင်း ယင်းသတင်းတွင် ထပ်မံဖော်ပြသည်။ (အင်တာနက်)

(၆၄)ကြိမ်မြောက် တိပိဋကရေး၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အောင်ပြန်အောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင် တိပိဋကကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ်(၂၁၆) အရှင်ဣန္ဒာစရိယ၊ အသက်(၄၇)နှစ်၊ သိက္ခာ(၂၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၂)ပါး

၁။ ပလ္လင်အမှတ်(၂၃၄) အရှင်ဝါသေဋ္ဌ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂။ ပလ္လင်အမှတ်(၂၃၆) အရှင်သေဋ္ဌညာဏ လင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ(၂)ပါး

၁။ ပလ္လင်အမှတ်(၂၄၈) အရှင်ဇနိန္ဒ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂။ ပလ္လင်အမှတ်(၂၅၈) အရှင်ဩဘာသာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းပထမနှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၁၀)ပါး

၁။ ပလ္လင်အမှတ်(၂၈၅) အရှင်ခေမိဿရ၊ အသက်(၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂။ ပလ္လင်အမှတ် (၂၈၇) အရှင်ဥတ္တမ(မွန်)၊ အသက် (၃၇)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၃။ ပလ္လင်အမှတ် (၂၈၉) အရှင်ယောသိတ၊ အသက်(၃၄)နှစ်၊ သိက္ခာ (၁၅) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၄။ ပလ္လင်အမှတ်(၃၃၄) အရှင်ပညာစက္က၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ၅။ ပလ္လင်အမှတ်(၃၃၆) အရှင်ဝိနယ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၆။ ပလ္လင်အမှတ်(၃၄၉) အရှင်တိက္ခသာရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး (အထူးအောင်)၊ ၇။ ပလ္လင်အမှတ်(၃၅၈) အရှင် တေဇောဘာသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၈။ ပလ္လင်အမှတ်(၃၆၁) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၉။ ပလ္လင်အမှတ်(၃၆၂) အရှင်အဂ္ဂညာဏာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၅)ဝါ ဆင်ဖြူကျောင်း၊ မော်လမြိုင်မြို့ မွန်ပြည်နယ်၊ ၁၀။ ပလ္လင်အမှတ်(၃၆၉) အရှင်ဝဏ္ဏိဿရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၃)ဝါ မင်္ဂလာအေးကျောင်း၊ စကုတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ဆက်လက်ဖော်ပြပါမည်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဘိလိယက်နှင့်စနူကာ ပဏာမလူရွေးပွဲစတင်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ကကြီးမှူး၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမ လူရွေးချယ်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (သံဈေး)ရှိ ASIA Billiard & Snooker Center ၌ စတင်ကျင်းပရာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် နာယက ဦးကျော်ဇံလှ၊ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အမှုဆောင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပဏာမရွေးချယ်

ဘိလိယက်ပြိုင်ပွဲ၌ ခင်မောင်ဦး၊ မင်းမင်းဦး၊ အောင်ဌေး၊ ကိုကိုနိုင်၊ စည်သူ၊ ကျော်ဌေး၊ အောင်ဆန်းဦး၊ ပေါက်စ၊ ဇော်လင်းနိုင်နှင့် ချစ်ကိုကိုတို့ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြပြီး အကောင်းဆုံး လက်စွမ်းပြနိုင်သော ရှစ်ဦးအား မြန်မာ့လက်ရွေးစင် ဘိလိယက်အသင်းအတွက် ပဏာမ ရွေးချယ်မည်ဖြစ်သည်။

အလားတူ စနူကာပြိုင်ပွဲတွင် ဟိန်းလွင်မိုး၊ ဇော်သန်းထိုက် **(ယာပုံ)**၊ ဝင်းကိုကို၊ အောင်မိုးသူ၊ ဇော်အောင်၊ ဖုန်းမြင့်ကျော်၊ ဇော်ထွန်း၊ ရဲဇော်ထွဋ်(မွန်)၊ ကိုထက်၊ မင်းမင်းသိန်း၊ ရဲဇော်ထွဋ်(ပဲခူး)၊ သီဟဝင်းနှင့် မာန်ဟိန်းကျော် တို့ကလည်း ကောင်း ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး လက်စွမ်းပြကြသော ခုနစ်ဦးအား မြန်မာ့လက်ရွေးစင် စနူကာအသင်းအတွက် ပဏာမရွေးချယ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် မင်္ဂလာဒုံမြို့နယ်အတွင်း ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက် ဓမ္မာရုံသို့ရောက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မင်္ဂလာဒုံမြို့နယ် ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက မိုးပွင့်အဆင့် (၂) စီမံချက်ဖြင့် ဒေသခံပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအား ဖြေလျှော့နည်းစနစ်အတိုင်း ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ရင်က အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများ၏ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဖြေလျှော့နည်းစနစ်ဖြင့် ဆောင်ရွက်ပေးခဲ့မှု၊ ယခင်ဆောင်ရွက်ခဲ့သည့် မိုးပွင့်အဆင့် (၁)စီမံချက်၏ လုပ်ငန်းအတွေ့အကြုံများ၊ လုပ်ငန်းအခက်အခဲများအပေါ် ပြန်လည်သုံးသပ်ညှိနှိုင်းပြီး ယခုထပ်မံဆောင်ရွက်လျက်ရှိသည့် မိုးပွင့်အဆင့် (၂)စီမံချက်တွင် လုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စေရန် ဆောင်ရွက်ပေးနေမှု၊ ပြည်သူများကလည်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒေသခံပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၉ ရက်က Mon Shine International Trading Co., Ltd. ၏ နှစ်သစ်အကြို ကံစမ်းမဲဖွင့်ပွဲနှင့် ဖြန့်ချိရေး အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲကို Chatrium Hotel ၌ ကျင်းပစဉ်။

(မြန်မာ့အလင်း)

တစ်ပြည်လုံးညအပူချိန်များ တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၉

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် ညအပူချိန်များ တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပညာမြင့်မှ လူမျိုး တင့်မည်

လှိုင်သာယာမြို့နယ် အလယ်ကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့်အဖွဲ့က အလှူငွေ ကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ မင်္ဂလာဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး လက်ခံစဉ်။

(၁၆၄)

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အေလာတိဏ္ဏစေတီတော် ကြီး၏ စတုတ္ထအကြိမ် စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က စေတီတော်ရင်ပြင်၌ ကျင်းပရာ ဆုရပြိုင်ပွဲဝင်အသင်းများအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

မကွေးမြို့၌ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့ အောင်ချမ်းသာရပ်ကွက် ဇီဇဝါလမ်းအား ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီတွင် အဆိုပါ လမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် အောင်ချမ်းသာရပ်ကွက်နေ လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်မိုးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဇီဇဝါလမ်း ကတ္တရာလမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်

ယနေ့ ဖွင့်လှစ်သော မကွေးမြို့ အောင်ချမ်းသာရပ်ကွက်ဇီဇဝါလမ်းသည် အကျယ် ၁၈ ပေနှင့် အရှည် ၁၈၂၈ ပေရှိပြီး လုပ်ငန်းစတင်သည့်နေ့ (၇-၁၁-၂၀၁၁)ရက်တွင် လုပ်ငန်းစတင်ကြောင်းနှင့် စည်ပင်သာယာရေးအဖွဲ့မှ သုံးစွဲငွေကျပ် ၉၃၆၅၀၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၉၃၆၅၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၁၈၇၃၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင် မန္တလေးတိုင်းဒေသကြီး သဲတော၊ ဝမ်းတွင်းမြို့၌ GSM / UMTS မိုဘိုင်းတယ်လီဖုန်း ရေဒီယိုစခန်းတာဝါတိုင် မင်္ဂလာပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

သဲတော၊ ဝမ်းတွင်းမြို့ GSM / UMTS ဖုန်း ရေဒီယိုစခန်းတာဝါတိုင် ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက GSM / UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအား ဆောင်ရွက်လျက်ရှိရာ (ဒုတိယအဆင့်) စီမံကိန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး သဲတော၊ ဝမ်းတွင်းမြို့ GSM / UMTS မိုဘိုင်းတယ်လီဖုန်း ရေဒီယိုစခန်းတာဝါတိုင် ပန္နက်တင်ပွဲကို ယနေ့တွင် ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင် တက်ရောက်အားပေးသည်။

မင်္ဂလာပန္နက်တင်

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ မင်္ဂလာပန္နက်တင်ပေးကြသည်။

ထို့နောက်ဆက် ဒုတိယဝန်ကြီးသည် ဝမ်းတွင်းမြို့ အော်တိုအိတ်ချိန်းစခန်းနှင့် GSM / CDMA မိုဘိုင်းစခန်းတို့၌ စက်ပစ္စည်းများ ဆက်သွယ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကာ ဆက်သွယ်မှု မပြတ်တောက်စေရေးနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဝန်ထမ်းများက ဂရုတစိုက် ထိန်းသိမ်းဆောင်ရွက် လုပ်ကိုင်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၄)အလုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ အလုံမြို့နယ် ယူနိုက်တက် ခရစ်ယာန်(UCHS) (ယခင် ကူရှင်အထက်တန်းကျောင်း) ယခု အထက(၄) အလုံတွင် ၁၉၄၇ မှ ၁၉၆၄ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများပြန်လည်တွေ့ဆုံပွဲနှင့် ဆရာ ဆရာမများအား ဂါရဝပြုခြင်း အခမ်းအနားကို ကူရှင်ခန်းမ အမှတ်(၁၄၃) မင်းရဲကျော်စွာလမ်း အလုံမြို့နယ်၌ ဖေဖော်ဝါရီ ၁၁ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးစိုးအောင် ဖုန်း-၅၁၆၀၄၃၊ ၀၉-၅၀၅၆၂၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၃)အခြေခံပညာအလယ်တန်းကျောင်း အထက -၂(ခွဲ)၏ မိဘ ဆရာအသင်းနှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ဦးအေးလင်း-ဒေါ်စန္ဒာဝင်း (မြန်နန္ဒာဆောက်လုပ်ရေး)မှ ICT အသုံးပြု သင်ကြားနိုင်ရေးအတွက် ကွန်ပျူတာနှင့် ပရင်တာတစ်စုံ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာဦး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ပညာရေး)

ရန်ကုန်မြစ်တစ်လျှောက်နှင်းများပိတ်၊ ခရီးသည်များစောင့်ဆိုင်းခဲ့ရ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဒလမြို့သူ မြို့သားများသည် ရန်ကုန်သို့ ရေယာဉ်များဖြင့် အဓိကအားထား သွားလာကြရသည်။ ယနေ့နံနက် ၆ နာရီခန့်တွင် ဆီးနှင်းထူထပ်ဖုံးအုပ်ကာ နှင်းပိတ်ခဲ့၍ ရန်ကုန်မြစ်ကြောတစ်လျှောက်ရှိ ရေယာဉ်ဂိတ်များပိတ်ရသဖြင့် ခရီးသည်များ စောင့်ဆိုင်းနှောင့်နှေးကြန့်ကြာခဲ့ရသည်။

ယနေ့တွင် နံနက် ၆ နာရီမှ ၉ နာရီခန့်အထိ ၃နာရီခန့်အကြာ နှင်းပိတ်မှုဖြစ်စဉ်အတွင်း အရှေ့သို့မမြင်ရသဖြင့် ဒလမြို့နယ် သမတကမ်းခြေစက်တပ်ရေယာဉ်ဂိတ်မှ စက်တပ်သမ္ဗန်များပြေးဆွဲမှုကို ခေတ္တရပ်နားထားရသည်။ ထို့ကြောင့် ခရီးသည်များ တသီတတန်းကြီး စောင့်ဆိုင်းနေကြရပြီး အချိန်နှောင့်နှေးကြန့်ကြာခဲ့ရသည်။ နံနက် ၉ နာရီကျော် နေရောင်ပွင့်လာမှ ရေယာဉ်များ ပြေးဆွဲကြရသည်။

အလားတူပင် ဒလ-ပန်းဆိုးတန်း သင်္ဘော(ဇက်)ဆိပ်တွင်လည်း ခရီးသည်နားနေဆောင်များ၌ ခရီးသွားပြည်သူများ ပြည့်ကျပ်လျက် စောင့်ဆိုင်းခဲ့ကြရသည်။ ထို့အတူ ဒလတစ်ဖက်ကမ်းရှိ ရေယာဉ်ဂိတ်များတွင်လည်းကောင်း၊ ရန်ကုန်တစ်ဖက်ကမ်းရှိ ရေယာဉ်ဂိတ်များတွင်လည်းကောင်း ခရီးသည်များ စောင့်ဆိုင်းကြရသည်။ ထိုအချိန်၌ ရန်ကုန်မြစ်ကြောင်းတစ်လျှောက်တွင် နှင်းများပိတ်ခဲ့သဖြင့် သင်္ဘော၊ ရေယာဉ်များ သွားလာမှုအားလုံးကို ခေတ္တရပ်ဆိုင်းထားရကြောင်း သိရှိရသည်။ **သန်းဌေး(ဒလ)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း ၅၄(ဒီ)နေ ကွယ်လွန်သူဖခင် ဦးခင်မောင်သန်းနှင့် မိခင် ဒေါက်တာ ဒေါ်အေးအေးကြည်တို့အားရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေးများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သွေးသည် အသက်

ကချင်ပြည်နယ် မန်စီမြို့နယ်၌ မိုင်းနင်းပေါက်ကွဲမှုဖြစ်ပွား အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

ကချင်ပြည်နယ် မန်စီမြို့နယ် ဟန်ထက်ကျေးရွာနေ ဒေါ်ခေါန်ဆန်း (၄၇)နှစ်နှင့် ဒေါ်မရစ်ရွယ် (၅၃)နှစ်တို့ နှစ်ဦးသည် ယမန်နေ့ ညနေ ၄ နာရီခန့်တွင် ဟန်ထက်ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာအတွင်းလမ်းလျှောက်သွားစဉ် လက်နက်ကိုင် သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် ဒေါ်ခေါန်ဆန်း၏ ယာပေါင်ရင်း မိုင်းစထိမှန် ဒဏ်ရာ(မစိုးရိမ်ရ)နှင့် ဒေါ်မရစ်ရွယ်၏ ဝဲခြေသလုံး မိုင်းစထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့ပြီး အဆိုပါ ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာကျန်းမာရေးဌာန၌ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း စာအုပ်စင်ကလျာ ၉-၂-၂၀၁၂

ဦးကျော်ဇေယျ၏ သောတာပန်စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးဆရာ ဦးကျော်ဇေယျ ရေးသားသည့် သောတာပန်စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် သောတာပန်ပုဂ္ဂိုလ်က သောတာပန်ဖြစ်ပြီးချိန်ကစပြီး ပါဏာတိပါတစတဲ့မကောင်းမှုဒုစရိုက်တွေကို မပြုတော့ပါ။ အယူမှား၊ အမှတ်မှား၊ အတွေးမှား၊ အကြံမှား၊ အပြောမှား၊ အဆိုမှား၊ အပြုမှား၊ အလုပ်မှားဆိုတဲ့ အမှားမျိုးတွေမရှိတော့ပါ။ ကုသိုလ်ကောင်းမှုပြုရာမှာ ဇာတိကိုခုံမင်စွဲလမ်းပြီး လူချမ်းသာ နတ်ချမ်းသာ ခံစားရလိုပါ၏ဟု ဆုမတောင်းတော့။ ရတနာသုံးပါးမှတစ်ပါး အခြားကိုးကွယ်ရာမရှိတော့။ ခန္ဓီသုခနိဗ္ဗာန်ချမ်းသာမြတ်ကိုသာဆုတောင်းတော့တယ်။ ဒါဟာ သောတာပန်ဖြစ်ရခြင်းရဲ့ အကျိုးပဲလို့ ဆိုထားသည်။ စာအုပ်ကို မယ်နှင့်မောင်စာပေတိုက် အမှတ် ၁၂၄ အခန်း ၁၀ (ပထမထပ်) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၅၃၆၄၀ မှ ငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ဖေဖော်ဝါရီလ အမှတ်(၁၅၄) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၁၅၄)ကို သရုပ်ဆောင် ကြည်နူးနိုင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ကောင်းညွန့်ဝေ(ရေစကြို)၊ မျိုးခိုင်(မူဆယ်)၊ မြတ်ဘုန်း(တပ်ကုန်း)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ပုလော-စိုးနံ့သာ၊ သုကိုကို(ကျုံမငေး)တို့၏ အဖွင့်ကဗျာများ။

ဣန္ဒာဆွေ၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ ရန်ပိုင်ဥက္ကာ၊ မန်းခင်ခင်၊ နီမင်းညို၊ တောင်တွင်းမင်းစိုး၊ ဒွေးပုလဲ၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်စိုးယဉ်၊ သစ်သန်းဝင်း၊ မောင်သန့်ဇင်၊ မောင်ဝင်းရည်၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ လဝန်းငယ်၊ ရန်နိုင်၊ ထွဏ်းကြည်(ဗ-ဝ-တ)၊ မမ(ဘာရားရေး)၊ ညွန့်ဝင်း(ပညာရေး)၊ စာကြည့်တိုက်ခင်မောင်၊ ကောင်းကင်ပြာ၊ မောင်သာမန်(ဇီးကုန်း)၊ ရွှေဘိုသီရိမာလာ၊ ဖျာပုံလှမိုးနွယ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဦးငွေအောင်မွန်၊ တက္ကသိုလ်သျှင်သီရိတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့ စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ ဗုဒ္ဓစာဥယျာဉ်၊ ကဗျာ့ဉာဏ်ရည်၊ ကဗျာ့ဂုဏ်ရည်၊ စစ်သားဘဝအမှတ်တရ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ အက်ဆေး၊ ပြည်ထောင်စုနေ့အထူးဆောင်းပါး စသည်တို့ဖြင့် သုတရသစုံလင်စွာစီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၁၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

IQ အဆင့် မြင့်မားစေဖို့ ပဟေဠိပုစ္ဆာ ၁၂၀ စာအုပ်ထုတ်ဝေ

စာရေးဆရာ မြင့်ဇင်ညွှန့် စုစည်းစီစဉ်သည့် IQ အဆင့်မြင့်မားစေဖို့ ပဟေဠိပုစ္ဆာ ၁၂၀စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အိုင်ကျူ (Intelligence Quotient-IQ) သည် စဉ်းစားတွေးခေါ်မှု အလေ့အကျင့်ပင်ဖြစ်သည်။အချို့သော မိဘများသည် မိမိတို့သားသမီးများ အိုင်ကျူမြင့်မားရေးအတွက် အလေးထားကြသည်။ ဉာဏ်စမ်းမေးခွန်းများ မေးခြင်း၊ ဂဏန်းသင်္ချာပုစ္ဆာတို့ကို တွက်ချက်စေခြင်းဖြင့် အိုင်ကျူကို မြှင့်တင်ပေးကြသည်။ လုပ်ငန်းတစ်ခု အောင်မြင်တိုးတက်မှုရရှိစေရန် ကံ၊ ဉာဏ်၊ ဝီရိယလိုသည်။ ထိုအထဲမှ ဉာဏ်ဆိုသည်မှာ အိုင်ကျူပင်ဖြစ်သည်။ အဆိုပါစာအုပ်တွင် အိုင်ကျူ မြင့်မားရေးအတွက် လေ့ကျင့်ရမည့်ပုစ္ဆာများကို ဖော်ပြထားသည်။ အဆိုပါ စာအုပ်ကို ငွေကျပ် ၁၀၀၀ ဖြင့် ရန်အောင်စာပေ အထက(၁)ရန်ကင်းကျောင်းရှေ့ ရန်ကင်းမြို့နယ် ဖုန်း-၀၉-၇၃၂၄၃၈၅၁ နှင့် ၀၉-၇၃၂၂၃၄၂၁ က ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

စိန်ခင်မောင်ရီ၏ ဆိုဖီယာရဲ့ ဆိုဖီယာ စာအုပ်ထုတ်ဝေဖြန့်ချိ

၁၉၈၅ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်သုတဆုရှင်၊ စာရေးဆရာ၊ သတင်းစာဆရာ စိန်ခင်မောင်ရီ၏ ဆိုဖီယာရဲ့ ဆိုဖီယာ " Sophia Living and Loving" ဘာသာပြန်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ငယ်စဉ်ကလေးဘဝ ပိန်ပိန်သေးသေးအကျည်းတန်မလေးအဖြစ်မှသည် ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး ဖြစ်လာသည်အထိ သူမဖြတ်သန်းလာရသည့် လောကအလှစုံကို ဆိုဖီယာကိုယ်တိုင်ရေးသားဖွင့်ဟဝန်ခံထားမှုများ၊ဆိုဖီယာ မိခင်၏ မိခင်မေတ္တာဖြင့်အနစ်နာခံဆောင်ရွက်ပုံများ၊ အချစ်အတွက် အရာရာကို အလိုလိုက်စွန့်လွှတ်သော ခင်ပွန်းကမ္ဘာကျော်အီတလီရုပ်ရှင်ဒါရိုက်တာသူဌေးကြီး ကာလိုပွန်တီ၏ဆောင်ရွက်ပုံများ၊ကမ္ဘာ့ရုပ်ရှင်လောကအတွင်းရေးများကိုသွက်လက်ညက်ညောစွာတင်ပြထားပြီး နယူးတိုက်ဂါးစာပေ ရန်ကုန်မြို့ ဖုန်း-၀၉-၈၆၂၉၀၈၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **ကိုလင်း-စုစည်းသည်**

ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ)

* တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ဆက်သွယ်ဆက်ဆံရေး၌ မဟာဗျူဟာမြောက် အဓိကဆက်ကြောင်းနေရာတွင် တည်ရှိသော ဧရာဝတီတံတား(ရတနာပုံ)ကို မန္တလေးတိုင်းဒေသကြီးအမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ခဝါတော်ရပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တကောင်းရပ်အကြား ဧရာဝတီမြစ်ကိုဖြတ်ကျော်တည်ဆောက်ထားပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁၁ ရက်တွင် ဧရာဝတီမြစ်ကူးတံတား (ရှစ်စင်းမြောက်)အဖြစ် ဖွင့်လှစ်ခဲ့သည်။
* ဧရာဝတီတံတား(ရတနာပုံ)ကို အင်းဝတံတား(၁၉၃၄)၏ ရေဆန်ဘက် ပေ ၂၀၀၀ ခန့်အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။
* ယာဉ်သွားလမ်းအကျယ် ၄၉ ပေရှိပြီး လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်ကာ တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းများလည်းပါရှိသည်။
* တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၇၀၀ ဖြစ်ပြီး အမြင့်မှာ ပေ ၄၀ ဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားကြီးဖြစ်သည်။
* ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ပြီးစီးခဲ့ပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီးမှ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ယခင်ကထက်များစွာ လျင်မြန်ချောမွေ့လာခဲ့သည်။
* မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ကုန်သွယ်စီးပွားတိုးတက်ဖြစ်ထွန်းလာမှုကိုလည်း ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်သည်။



ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ) အချက်အလက်များ

၁။ စုစုပေါင်းတံတားအရှည် ၅၆၁၄ ပေရှိသည်။

၂။ ပင်မတံတားအရှည်မှာ ၃၆၉၄ ပေဖြစ်သည်။

၃။ မန္တလေးဘက်ကမ်း၌ ချဉ်းကပ်တံတား အရှည်ပေ ၁၁၄၀ နှင့် စစ်ကိုင်းဘက်ကမ်းတွင် အရှည်ပေ ၇၈၀ ရှိသည်။

၄။ သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစား ဖြစ်သည်။

၅။ သံမဏိသံပေါင် ခုံးတံတားအမျိုးအစား ဖြစ်သည်။

၆။ သံမဏိသံပေါင်အလေးချိန် တန်ပေါင်း ၉၉၀၀ ကျော် အသုံးပြုထားသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

လူတစ်ကိုယ် စိတ်တစ်မျိုးရှိတတ်ကြသောလောက၌ တစုတစည်းတည်း၊ တညီတညွတ်တည်းဖြစ်စေရန် ကြိုးပမ်းရသည့် စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များသည် လွန်စွာလွယ်ကူလှသည့် အလုပ်မျိုးမဟုတ်။ သို့သော်လည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့ကလေး၌ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များနှင့် သဘောတူလက်မှတ်ရေးထိုး၍ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သည်။ ထိုနေ့သည်ကား မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်စွာနေမြဲနေလိုသည့် အမျိုးသားဂုဏ်ရည်ကို ဖော်ထုတ်ပြသရာ ပြည်ထောင်စုနေ့ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်တည်တံ့ခိုင်မြဲသော ရေမြေပိုင်နက် နယ်နိမိတ်နှင့် ခိုင်မာသော လူမျိုးသမိုင်းရှိသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ခေတ်စဉ်တစ်လျှောက် မြန်မာနိုင်ငံနှင့် တိုင်းရင်းသားတို့၏ ဖြစ်ပေါ်တိုးတက်မှုကို သမိုင်းအမြင်ဖြင့် လေ့လာသုံးသပ်ကြည့်လျှင် နိုင်ငံ၏ ကောင်းကျိုး ဆိုးပြစ်၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့သည် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင် အခြေတည်ကာ ဖြစ်ပေါ်ရသည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

အလေးအနက်ဆင်ခြင်

တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားကောင်းသည့်အခါကာလများတွင် မိမိတို့နိုင်ငံ၏အင်အားသည် တောင့်တင်းခိုင်မာ၍ ခမ်းနားထင်ရှားဂုဏ်မြင့်မားခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားနည်းလာသည့် အခါကာလများတွင် နိုင်ငံတော်အင်အားယုတ်လျော့ကာ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးအခြေအနေ အဆင့်အတန်းနိမ့်ကျခဲ့ရသည်ကို ထင်ထင်ရှားရှားကြုံခဲ့ကြရပြီဖြစ်သည်။

ယခုအခါ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်၊ ဒေသစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ လွန်ကဲမှု၊ အစွန်းရောက်အတွေးအခေါ်များကို ရှောင်ရှားဖယ်ခွာ စွန့်လွှတ်ကြရမည်။ ပြည်ထောင်စု၏အကျိုး၊ တစ်မျိုးသားလုံး၏အကျိုးကို ဦးစားပေးရမည့်အချိန်တွင် လူမျိုးရေးနှင့်ဒေသအကျိုးသက်သက် ရှေ့တန်းတင်ကာ မစဉ်းစား၊ မလုပ်ဆောင်မိကြရန် သတိပြုရမည်။ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ အစွန်းရောက်လွန်ကဲမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ပဋိပက္ခတိုက်ပွဲများအကြား၌ ပြည်ထောင်စုသားများ ဆင်းရဲဒုက္ခရောက်ကြရသည့် သမိုင်းဖြစ်စဉ်ကို အလေးအနက်ဆင်ခြင်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြီးအား ထိခိုက်ပြိုကွဲစေမည့်အရေးကို တွေးလည်းမတွေးအပ်၊ ရေးလည်း မရေးအပ်၊ ပြောလည်း မပြောအပ်၊ လုပ်လည်း မလုပ်အပ်ပါ။ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် တစ်သွေးတစ်သားတည်းပင်ဖြစ်သည်ဟု သိမြင်ခံစားလျက် ပြည်ထောင်စုနိုင်ငံကို အဘက်ဘက်က တိုးတက်ကြီးပွားအင်အားတောင့်တင်းခိုင်မာစေမည့် စိတ်ဓာတ်၊ အတွေးအခေါ်၊ အခြေခံမူများနှင့် လုပ်နည်းလုပ်ဟန်များကိုသာ တွေးကြံစဉ်းစားအားပေးလုပ်ဆောင်သင့်ကြသည်။

ပြည်ထောင်စုကြီး ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲရေးဆိုသည်မှာ ဝါဒဖြန့်စကားမဟုတ်။ ပြည်ထောင်စုသားအားလုံး၏ တကယ့်ဘဝအတွက် လိုအပ်ချက်ကြီးပင်ဖြစ်သည်။ ဤအချက်ကို မြန်မာနိုင်ငံသားအားလုံးက အငြင်းပွားစရာမလိုသော ခံယူချက်အဖြစ် လက်ခံကျင့်သုံးကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသူမှန်လျှင်၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားသူမှန်လျှင် ပြည်ထောင်စု၏အကျိုးအတွက် အားသွန်ခွန်စိုက်ပါဝင်ထမ်းဆောင်ကြရမည်သာ ဖြစ်သည်။

ပြိုကွဲပျက်စီးခံ၍မဖြစ်

ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရန်၊ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မှဲ့တစ်ပေါက် အစွန်းမခံရအောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန်တို့သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအရပ်ရပ်အရ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် ပြည်ထောင်စုသားအားလုံးအတွက် ထာဝရလိုအပ်နေသောအချက်များပင် ဖြစ်သည်။ ၎င်းအပြင်

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

လက်တွဲဆောင်ရွက် ဒီမိုကရေစီပြည်ထောင်စုအတွက်

ပြည်ထောင်စုကြီး ထာဝရစည်းလုံးဖွံ့ဖြိုးတိုးတက်အောင်မြင်နေစေရန် အစဉ်အမြဲလိုက်နာစောင့်ထိန်း အကောင်အထည်ဖော်ဆောင်ရွက်နေရမည့် ပကတိအမှန်တရားလည်းဖြစ်သည်။ ထို့မျှမက ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား၊ ပြည်ထောင်စု၏အကျိုးစီးပွား၊ ခြုံ၍ပြောရလျှင် အမျိုးသားအကျိုးစီးပွားများအတွက် ရေရှည်အာမခံချက်ပေးထားသည့် မူဝါဒများဖြစ်သကဲ့သို့ ပကတိအရှိတရား၊ ထာဝရအမှန်တရားများနှင့် ကိုက်ညီလိုက်လျောညီထွေဖြစ်သောအချက်များဖြစ်ပြီး နိုင်ငံသားတိုင်း၊ ပြည်သူတိုင်းက အစဉ်ထာဝရဦးထိပ်ထားရမည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်များပင် ဖြစ်သည်။

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးသည် အမျိုးသားနိုင်ငံရေး၏ အဓိကအချက်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုပြိုကွဲသွားမည်ဖြစ်ပြီး တစ်ဆက်တည်း၌ပင် အချုပ်အခြာအာဏာကိုလည်း လက်လွှတ်ဆုံးရှုံးသွားရမည်ဖြစ်သည်။ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးပါ အချက်သုံးချက်တွင် မည်သည့်အချက်ကိုမျှ ပြိုကွဲပျက်စီးခံ၍ မဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများသာမက မြန်မာနိုင်ငံသားအားလုံးကပါ ဦးထိပ်ထားပြီး အစဉ်ထိန်းသိမ်းရွက်ဆောင်ကြိုးပမ်းကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃ တွင် “နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်” ဟူ၍ ပါရှိသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာတစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန်ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်တွင် အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများဖြစ်ကြသည်။

တိုင်းရင်းသားအသီးသီး၏ ပကတိဘဝအခြေအနေကို မျက်မြင်ကိုယ်တွေ့၊ မျက်ဝါးထင်ထင်၊ ရင်နှင့်အမျှခံစားသဘောပေါက်ခဲ့ရသည့် အတွေ့အကြုံများအရ အမှောင့်ပယောဂကင်းစင်သော တိုင်းရင်းသားတို့၏ ဆန္ဒအမှန်မှာ မိမိတို့နယ်မြေဒေသကို တည်ငြိမ်အေးချမ်းစေလိုသည်။ မိမိတို့နယ်မြေဒေသအတွင်း လုံလုံခြုံခြုံ၊ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်အသက်မွေးဝမ်းကျောင်းပြုလိုကြသည်။ မိမိတို့မိသားစုများနှင့်အတူတကွ ကျန်းမာပျော်ရွှင်စွာ အသက်ထက်ဆုံး ရာသက်ပန် ရိုးမြေကျနေထိုင်သွားလိုကြသည်။

အစည်းမပျက်လက်တွဲလျက်

နိုင်ငံတော်လွတ်လပ်ရေးအတွက်၊ ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်သည် မည်မျှအရေးပါကြောင်း သိသာထင်ရှားလှသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းပင်ဖြစ်သည်ဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင်ဖြစ်သည်။ မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် အမျိုးကိုစောင့်ရှောက်လိုမှု၊ အမျိုးကိုချီးမြှောက်လိုမှုတည်းဟူသော မျိုးချစ်စိတ်ပေါ်အခြေခံသည်။

နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အပြောနှင့်မဟုတ်၊ အလုပ်ဖြင့်သက်သေပြကြရန်လိုအပ်သည်။ အချို့က အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်ပေါင်းစည်းရေး၊ အမျိုးသားသင့်မြတ်ရေးဟူ၍ အသံကောင်းဟစ်နေကြသော်လည်း လက်တွေ့လုပ်ရပ်များကမူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲရာ ပြိုကွဲကြောင်းဆီသို့ ဦးတည်နေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာတွေ့ရှိရသည်။ ထို့ကြောင့် ယင်းလုပ်ရပ်များကို အပြီးအပိုင်စွန့်လွှတ်ပြီး ပြည်ထောင်စုစိတ်ဓာတ် အမှန်တကယ်ကိန်းအောင်းလာအောင် ကြိုးပမ်းသင့်ကြသည်။

ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်းစာနာထောက်ထားခြင်းနှင့် နားလည်ခွင့်လွှတ်သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သောအခြေခံများဖြစ်ကြသည်။

တစ်နည်းဆိုရသော် ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် သွေးချင်း၊ သားချင်း ညီရင်းအစ်ကိုမောင်ရင်းနှမများဖြစ်သည်ဟု ခံယူသောစိတ်ဓာတ်၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများဖြစ်သည်ဟု ခံယူသောစိတ်ဓာတ်၊ တစ်ဦးတွင် အရေးကြုံသော် တစ်ဦးကမပစ်မပယ် တလုံးတစည်းတည်း ပူးတွဲရင်ဆိုင်ဖြေရှင်းလိုသောစိတ်ဓာတ်၊ မရှိအတူရှိအတူ၊ အေးအတူပူအမျှခံစားကြမည်ဟူသောစိတ်ဓာတ်၊ အရေးကြီးကသွေးစည်းရမည်ဟု ခံယူသော စိတ်ဓာတ်၊ တောင်ပေါ်နှင့်မြေပြန့် မခွဲခြားဘဲ တစ်သားတည်းရှိသည်ဟု ခံယူသော စိတ်ဓာတ်တို့ကို ပေါင်းရုံးစုစည်းခေါ်ဆိုခြင်းပင်ဖြစ်သည်။ “ညီညာမှ ပြည်သာသည်”၊ “ညီညွတ်ခြင်းသည်အင်အား” ဟူသော ဆိုရိုးစကားများအတိုင်း စည်းလုံးညီညွတ်ခြင်းသည် ခွန်အားကိုဖြစ်စေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုအင်အားကိုတည်ဆောက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားများသည် ပြည်ထောင်စုမှ ကွဲမထွက်စေဘဲ ကျစ်လျစ်သိပ်သည်းခိုင်မာစွာ အစည်းမပျက်လက်တွဲလျက် ရာသက်ပန်အတူတကွပူးပေါင်းနေထိုင်သွားကြရမည်ဖြစ်သည်။

မောင်မောင်မျိုး(ပဲခူး)

ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲနေသရွေ့ မိမိတို့ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။ ပြည်ထောင်စုကြီးသည် ပြည်ထောင်စုသားအားလုံးအတွက် မှီခိုအားထားနားနေရာ အေးရိပ်သာဖြစ်သည်။ အရိပ်ကိုခိုပြီး အခက်ကိုမချိုးဖျက်နိုင်အောင် စောင့်ရှောက်ကာကွယ်နိုင်ရန်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ တာဝန်ဖြစ်သည်။

အုတ်မြစ်ချတည်ဆောက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ်အခြေခံလျက် ယခင်ကနှင့်မတူသည့် မူများကို ကျင့်သုံးကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့စလုံးနှင့် ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့(၇)ဖွဲ့နှင့် အခြေခံသဘောတူညီချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ကျန်အဖွဲ့(၄)ဖွဲ့နှင့်လည်း ထိတွေ့ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်သည်ကို တွေ့မြင်နိုင်သည်။ ဆက်လက်၍လည်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်တည်ငြိမ်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးဖော်ဆောင်နိုင်ရန် အမြင်သဘောထားမတူသည်များကိုထားပြီး အမြင်သဘောထား တူညီသည်များကို ပြည်သူများအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရေးမူဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်သည်များကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပရောက်နေကြသောနိုင်ငံသားများကိုလည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်အောင် လက်ကမ်းဖိတ်ခေါ်ခဲ့သည်။ ထိုသို့ဆောင်ရွက်မှုကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တိုးတက်ကောင်းမွန်လာပြီး ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုရှိလာသည်ကိုလည်း တွေ့မြင်နိုင်သည်။ ဤသည်တို့သည် လက်ရှိအစိုးရသစ်ကာလတွင် အချိန်တိုအတွင်း အအောင်မြင်ဆုံးနှင့် အကောင်းဆုံးသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြီးကို အုတ်မြစ်ချတည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ သို့အတွက်လည်း ပြည်ထောင်စုအတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးက အလွန်ဝမ်းမြောက်ဝမ်းသာမဆုံးရှိကြသည်။ သို့ဖြစ်ရာ ရရှိပြီးသောတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းကာ ထာဝရငြိမ်းချမ်းမှုရရှိအောင် အရှိန်အဟုန်တိုးမြှင့်လျက် ဆက်လက်တက်လှမ်းကြိုးပမ်းကြရန်သာ ဖြစ်သည်။

တစိုက်မတ်မတ်ကြိုးပမ်း

ဒီမိုကရေစီဟူသည် ပြည်သူ့ဆန္ဒကို ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံထားသည့် ဥပဒေစိုးမိုးမှုနှင့် ဥပဒေစိုးမိုးမှုအောက်၌ လူ့အခွင့်အရေးကို လေးစားလိုက်နာ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

စည်းလုံးချစ်ခင် ထာဝစဉ်

☆ ကျောသားရင်သားမခွဲခြားသည်
အေးတူပူမျှ စိတ်ထားညီ၊
ချစ်ကြည်သွေးသားရင်းချာများ
ပြည်ထောင်စုဖွား တိုင်းရင်းသား။

☆ ပေါင်းစုအားကြောင့် ဝင့်ထည်သည်
အမိမြန်မာပြည်၊
ယုံကြည်ချစ်ခင်တစ်သွေးသား
ခိုင်မြဲတွဲလက်များ။

☆ ကယား ကရင်နဲ့ ရှမ်းဗမာ
ရခိုင် မွန်ချင်း ကချင်စုံစွာ၊
ညီညာချစ်ခင်စည်းလုံးမှု
ဒို့ရဲ့ ပြည်ထောင်စု။

☆ ဥမကွဲ သိုက်မပျက် နေထိုင်ကာ
ပြည်ထောင်စုကြီး ခွန့်ရှည်ကြာ၊
ကမ္ဘာတည်စေဘယ်မခွဲ
တိုင်းရင်းသားတို့ လက်ချင်းတွဲ
ချစ်ခင်စည်းလုံးစဉ်အမြဲ။ ။

ကိုရွှေရွှေ(ဒဂုံတောင်)

(၆၅)နှစ်မြောက်

စောင့်ထိန်းမှုတို့ပင်ဖြစ်သ
ဥပဒေစိုးမိုးမှုနှင့် လူ့အ
လေးစားလိုက်နာ စောင့်ထိ
ဒီမိုကရေစီရှင်သန်ရေးအ
မြေခံများပင် ဖြစ်သည်။
ကျင့်စဉ်ကို နိုင်ငံရေးပါတီ
အဖွဲ့အစည်းများ၊ ပြည်သ
ရယူအသုံးပြုသော အဖွဲ့
အခြားအဖွဲ့အစည်းများအ
တကျ မှန်မှန်ကန်ကန်
ကျင့်သုံးနေလျှင် ထိုအဖွဲ့
သည် ဒီမိုကရေစီနှင့် လူ့
များ ရရှိပြီးဖြစ်သည်ဟု
သည်။

**ဒီမိုကရေစီစနစ်ဆိုသ
ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဂုဏ
အခြေခံအခွင့်အရေးများကို
မြှင့်တင်နိုင်သည့် ကျင့်စဉ
သည်။ ကိုယ်ပိုင်စွမ်းရည်
ပိုင်းခြားမှုကို ဖော်ထုတ်ခွင့်ရှိ
တည်းသော နိုင်ငံရေးစန
သည်။ ထို့ကြောင့် ဒီမိုက
လူသားများက စံပြုထိုက်သ
အဖြစ်ခံယူပြီး ရည်မှန်းချက်ပ
သတ်မှတ်ကြသည်။ တရ
လွတ်လပ်ခြင်း၊ ညီမျှခြင်း
မြင်သာရှိခြင်း၊ တာဝန်ယူမှုရှိ
ခြားနားသည့် အမြင်နှင့် အ
များဖြင့် ဖွဲ့စည်းတတ်ခြင်းစ
ဒီမိုကရေစီ၏ အခြေခံမျ
ဒီမိုကရေစီစနစ်ဖြင့် လူ
ပေါင်းစည်းညီညွတ်မှုကို ဖေ
လျှင် ပြည်တွင်းငြိမ်းချမ်းမှ
တိုးတက်မှုတို့ကိုလည်း ဖေ
နိုင်သည်။**

ကောင်းမွန်သော အု
သည် အမိန့်ပေးစနစ်မဟု
၏ ဆုံးဖြတ်ချက်၊ မူဝါဒ၊ ဥပ
အုပ်ချုပ်သော၊ စီမံခန့်
ဖြစ်သည်။ ယင်းသည် ဒီမို
သည် ကောင်းမွန်သော အု
သည်။ ထို့ကြောင့် မြန်မာနို
အစိုးရအသစ်အနေဖြင့် ကေ
အလေးထားလုပ်ဆောင်လ

**လက်ရှိအစိုးရသစ်အ
စိုးမိုးရေး၊ အမျိုးသားပြန်လ
ထွန်းကားရေး၊ ကောင်းမွန်သေ
ဖွဲ့စည်းပုံအခြေခံဥပဒေပါ
အရေးများရရှိရေး၊ ပညာ
စီးပွားရေးပြုပြင်ပြောင်းလဲ
ဖွံ့ဖြိုးတိုးတက်မြင့်မားရေးန
များကို ကိုယ်စွမ်းဉာဏ်စွမ်း
သည်။**

နိုင်ငံချ
ကြရန်လိုအ
ရင်ကြားစေ့
ဟူ၍ အ
တိုင်းရင်းသ
နေသည်ကို
များကို အ
ကိန်းအောင်

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

စောင့်ထိန်းမှုတို့ပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ စောင့်ထိန်းမှုတို့သည် ဒီမိုကရေစီရှင်သန်ရေးအတွက် ရေခံ၊ မြေခံများပင် ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်ကို နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူ့အာဏာကို ရယူအသုံးပြုသော အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများအတွင်း စနစ်တကျ မှန်မှန်ကန်ကန် စည်းကမ်းရှိရှိ ကျင့်သုံးနေလျှင် ထိုအဖွဲ့အစည်းများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိပြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် အခြေခံအခွင့်အရေးများကို ကာကွယ်မြှင့်တင်နိုင်သည့် ကျင့်စဉ်တစ်ရပ်ဖြစ်သည်။ ကိုယ်ပိုင်စွမ်းရည်ဖြင့် ဝေဖန်ပိုင်းခြားမှုကို ဖော်ထုတ်ခွင့်ရှိသည့် တစ်ခုတည်းသော နိုင်ငံရေးစနစ်လည်းဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို လူသားများက စံပြုထိုက်သည့် ကျင့်စဉ်အဖြစ်ခံယူပြီး ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ကြသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ထင်သာမြင်သာရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ ကွဲပြားခြားနားသည့် အမြင်နှင့် အတွေးအခေါ်များဖြင့် ဖွဲ့စည်းတတ်ခြင်းစသည်တို့သည် ဒီမိုကရေစီ၏ အခြေခံများဖြစ်သည်။ ဒီမိုကရေစီစနစ်ဖြင့် လူ့အဖွဲ့အစည်းပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်လျှင် ပြည်တွင်းငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဖော်ဆောင်ပေးနိုင်သည်။

ကောင်းမွန်သော အုပ်ချုပ်မှုစနစ်သည် အမိန့်ပေးစနစ်မဟုတ်၊ အများစု၏ ဆုံးဖြတ်ချက်၊ မူဝါဒ၊ ဥပဒေနှင့်အညီ အုပ်ချုပ်သော၊ စီမံခန့်ခွဲသောစနစ်ဖြစ်သည်။ ယင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည်။ ဒီမိုကရေစီသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် တွဲဖက်မှ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် အစိုးရအသစ်အနေဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ပေါ်ပေါက်လာအောင် အလေးထားလုပ်ဆောင်လျက်ရှိသည်။

လက်ရှိအစိုးရသစ်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီးခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။



အထူးသဖြင့် ပြည်သူတိုင်း၏ လိုလားတောင့်တချက်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ယခုဆိုလျှင် နိုင်ငံနှင့်ပြည်သူတို့၏ အနာဂတ်ဘဝ သာယာလှပစေရန်အတွက် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် ရေရှည်တည်တံ့ရှင်သန်နိုင်စေရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဤသည်တို့သည် ဒီမိုကရေစီစနစ်ဖြင့် ပြည်ထောင်စုကြီးကို တည်ဆောက်နေခြင်းပင်ဖြစ်ပြီး တစ်ဖက်ကလည်း ကိုယ့်တိုင်းပြည်အတွက် အားလုံးစည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန်သာဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အပြောနှင့်မဟုတ်၊ အလုပ်ဖြင့်သက်သေပြကြရန်လိုအပ်သည်။ အချို့က အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်ပေါင်းစည်းရေး၊ အမျိုးသားသင့်မြတ်ရေး ဟူ၍ အသံကောင်းဟစ်နေကြသော်လည်း လက်တွေ့လုပ်ရပ်များကမူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲရာ ပြိုကွဲကြောင်းဆီသို့ ဦးတည်နေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရှိရသည်။ ထို့ကြောင့် ယင်းလုပ်ရပ်များကို အပြီးအပိုင်စွန့်လွှတ်ပြီး ပြည်ထောင်စုစိတ်ဓာတ် အမှန်တကယ်ကိန်းအောင်းလာအောင် ကြိုးပမ်းသင့်ကြသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မီနီမာရသွန်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အလားအလာရှိသော မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးကို ရည်ရွယ်လျက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေမန္တလာမြို့နယ်တို့၌ မီနီမာရသွန်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများအား ကျင်းပကာ ဆုကြေးငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ချီးမြှင့်

မြောင်းမြမြို့နယ်၌ ကီလိုမီတာ ၂၀ မီနီမာရသွန်ပြိုင်ပွဲ၊ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ အပြေးပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများကို အမျိုးသား/အမျိုးသမီးပြိုင်ပွဲများအဖြစ် ဖေဖော်ဝါရီ ၁၄ ရက်တွင်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်၌ ဖော်ပြပါပြိုင်ပွဲ ၁၄ မျိုးစလုံးကို မတ်၂၃ ရက်တွင်လည်းကောင်း၊ အောင်မြေမန္တလာမြို့နယ်၌ ဖော်ပြပါပြိုင်ပွဲ ၁၄မျိုးစလုံးဖြင့် မတ် ၂၆ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ မီနီမာရသွန်ပြိုင်ပွဲများအတွက် ပထမဆု ငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်းနှင့် ပဉ္စမနှင့် ဆဋ္ဌမနေရာများအတွက် ငွေကျပ်ငါးသောင်းစီနှင့် ကွင်းတွင်းပြေးခုန်ပစ်ပြိုင်ပွဲများအတွက် ပထမဆု ငွေကျပ်သုံးသောင်း၊ ဒုတိယဆု ငွေကျပ်နှစ်သောင်း၊ တတိယဆု ငွေကျပ်တစ်သောင်း ချီးမြှင့်ပေးမည် ဖြစ်သည်။

ပြိုင်ပွဲအတွက် စည်းကမ်းချက်များမှာ မြန်မာ့လက်ရွေးစင်အားကစားသမားများ၊ မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်တွင် စခန်းသွင်းလေ့ကျင့်ထားခဲ့ဖူးသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)မှ အားကစားသမားများ၊ ဝန်ကြီးဌာနပေါင်းစုံနှင့် တိုင်းဒေသကြီး/ပြည်နယ်အလွတ်တန်းနှင့် အသက် ၁၈နှစ်အောက်ပြေးခုန်ပစ်ပြိုင်ပွဲများ၊ Champion Challenge Cup Tournament ပြိုင်ပွဲများ၌ မီတာ ၃၀၀၀ တားဆီးကျော်၊ မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀နှင့် မာရသွန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့သူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဘဲ ပြိုင်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၄ နှစ်နှင့်အထက်ရှိပြီး အသက် ၂၀ မပြည့်သေးသူဖြစ်ကြောင်း မှန်ကန်သည့်အထောက်အထား ပြသနိုင်ရမည်။

ဝင်ရောက်ယှဉ်ပြိုင်နိုင်

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ မည်သူမဆို ဖော်ပြပါစည်းကမ်းနှင့်ကိုက်ညီသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဒေသတစ်ခု၌ တစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ

မြဝတီရုပ်မြင်သံကြား

၁၀-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇:၁၀	၁။	တရားတော်
၇:၂၀	၂။	မျိုးချစ်တပ်မတော်
၈:၀၀	၃။	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄:၁၅	၁။	လျှပ်တစ်ပြက်
၄:၅၅	၂။	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သင်္ချာ)
၅:၃၀	၃။	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆:၀၀	၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၅။	"ရွာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၃၄) **အတိတ်လွှန်** (ဒုတိယပိုင်း) သူရဇ္ဇ၊ ဝင်းသပြေထွန်း၊ နိုင်ဝင်းနှင့် သရုပ်ဆောင်
၇:၀၀	၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင် ဘရုစ်လီ** (အပိုင်း-၃)
၈:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၈။	နိုင်ငံတကာသတင်း
	၉။	မိုးလေဝသသတင်း
	၁၀။	သံစဉ်များနှင့်ကမ္ဘာ
	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ကြီး...ချစ်** (အပိုင်း-၁၄)
	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒ္ဒယနှောင်ကြိုး** (အပိုင်း-၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅:၄၀	**သူ့အကြောင်း ကိုယ့်အကြောင်း** တရားတော် (ဆရာတော်အရှင်ဥတ္တမ)
၉:၂၅	ပညာတန်ဆောင် စာပေဆုနှင်းပွဲ အခမ်းအနား
၄:၀၀	MNL MYANMAR 2012 (Southern Myanmar Vs Zwekapin)(LIVE)
၆:၀၀	MRTV -4 သတင်း
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၁၂)
၈:၀၀	MRTV-4 သတင်း
၁၁:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၆၅)
၁၂:၀၀	အနုပညာမိုးကောင်းကင်
၁၂:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားကေရီ** (အပိုင်း-၁၂)
၃:၄၅	စိန်တို့၏ကမ္ဘာ စိန်ဇကရာဇ်ပါ
၄:၁၅	ဖန်ခါးမြေမှ ရတနာ
၄:၄၀	အံ့ဖွယ်ထင်ရှား ကျိုက္ကမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်

မြန်မာ့ရုပ်မြင်သံကြား

၁၀-၂-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀	၂။	နံနက်ခင်းသတင်း
၈:၄၀	၃။	International News
၈:၄၅	၄။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၂၀	၁။	(၆၅)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄:၃၀	၂။	၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်)
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၅၀	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၃၁)
၇:၄၀	၆။	**စီမံကိန်းထူးရောကူး ပေါ်လွင်ဝင့်ကြွားညောင်တုန်းတံတား** (အပိုင်း-၁)
၈:၀၀	၇။	ပြည်တွင်းသတင်း
	၈။	နိုင်ငံတကာသတင်းများ
	၉။	မိုးလေဝသအခြေအနေ
	၁၀။	**အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု**
	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအာသချေ** (အပိုင်း-၅)

ဒါးပိန်နှင့် လှည်းကူးမြို့နယ်များအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ဒါးပိန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး ဒေသတာဝန်ခံများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒါးပိန်မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ခြွေလှေ့ရိတ်သိမ်းပြီးစီးမှုနှင့် နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရန်အတွက် လျာထားဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒါးပိန်မြို့နယ် အထက်တန်းကျောင်း(ခွဲ)၊ (၈)ခုတင်ဆံ့ ပြည်သူ့ဆေးရုံမှ (၁၆) ခုတင်ဆံ့ ပြည်သူ့ဆေးရုံဆောက်လုပ်ရန် လျာထားဆောင်ရွက်မှု၊ မြေနေရာရွေးချယ်မှုနှင့် မူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ်သို့ရောက်ရှိပြီး ပြည်သူ့ဆေးရုံ **(ယာပုံ)**၊ အထက်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုနှင့် တစ်ထပ်ကျောင်းဆောင်များပြုပြင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု ရောင်ခြည်ဦးစာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီး၌ဖွင့်

တိုက်ကြီး ဖေဖော်ဝါရီ ၉

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံ-ကံကုန်းကျေးရွာ အုပ်စုသိမ်ကုန်းကျေးရွာတွင် ရောင်ခြည်ဦး ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းဆွေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က စာကြည့်တိုက်တွင် အသုံးပြုရန် သုတ ရသစာအုပ် ၁၀၀၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်က စာအုပ် ၅၀၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေက စာအုပ် ၁၀၀ နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက သုတ ရသ စာအုပ် ၈၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဆွေက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း မှုခင်းသတင်း ၉-၂-၂၀၁၂

ဝိုင်းဝန်းထိုးကြိတ်ရာမှ သေဆုံးမှုဖြစ်ပွား

ဖေဖော်ဝါရီ ၄ ရက် နံနက် ၁ နာရီခန့်က မြင်းမူမြို့နယ် ကန်တော်ကျေးရွာတွင် ကပြသည့် အလှူဇာတ်ပွဲကို မောင်မျိုးဆွေနှင့် ညီဖြစ်သူ မောင်နေမျိုးတို့သည် ဇာတ်ပွဲခင်း၌ ထိုင်ကြည့်နေကြစဉ် မြင်းမူမြို့နယ် ဆပ်ပြာကျင်းရွာသားလေးဦးက ၎င်းတို့ ညီအစ်ကိုနှစ်ယောက်အား ဝိုင်းဝန်းထိုးကြိတ်ကြသည်။ ၎င်းတို့ ထွက်ပြေးသွားပြီးနောက် လဲနေသောအစ်ကိုဖြစ်သူမျိုးဆွေတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ညီဖြစ်သူက နေအိမ်သို့ ပွေ့ချီခေါ်သွားခဲ့ရသည်။နေအိမ်သို့ရောက်ရှိပြီး ခဏအကြာတွင် ရရှိသော ဒဏ်ရာဖြင့် မောင်မျိုးဆွေ သေဆုံးသွားခဲ့သည်။ အစ်ကိုဖြစ်သူသေဆုံးသည်အထိ ဝိုင်းဝန်းထိုးကြိတ်သူ မြင်းမူမြို့နယ် ဆပ်ပြာကျင်းကျေးရွာတွင် နေထိုင်သူလေးဦးအား မြင်းမူရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၀၇၉)

သေဆုံးသူကိုပစ်၍ ထွက်ပြေးသူဖမ်းဆီးရမိ

ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၄၄/၀) အနီး ရေတွင်းဖြူကျေးရွာရှေ့ ကားလမ်းမကြီးပေါ်တွင် လူတစ်ယောက်မှောက်လဲ၍ သေဆုံးနေကြောင်း သတင်းအရ မိတ္ထီလာမြို့ အမှတ်(၃)ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ထွန်းထွန်းသည် ဖေဖော်ဝါရီ ၂ ရက်က သွားရောက်စုံစမ်းခဲ့သည်။ သေဆုံးသူမှာ စက်မှုဇုန် ၅ လမ်းမှ သစ်စက်လုပ်သား တရုတ်ကြီး(ခ)ဟန်ထွန်း အသက်(၂၀) ဖြစ်ပြီး ဝန်ဇင်းရပ်ကွက် ဒက္ခိဏလမ်းတွင် နေထိုင်သူဖြစ်သည်။ ဟန်ထွန်း၏ မျက်နှာတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။ သေဆုံးမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ရာ ကျွန်းဖိုပင်ရွာနေ လွင်ဦး အသက်(၂၀) ကျပန်းလုပ်သားစီးလာသည့် ၁၉ယ/ကင်ဘိုဆိုင်ကယ်ပေါ်တွင် နောက်မှ တရုတ်ကြီးကလိုက်စီးရာ ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဓာတ်တိုင် တိုက်မိရာမှ ဆိုင်ကယ်နောက်မှစီးသူ တရုတ်ကြီးမှာ ဆိုင်ကယ်ပေါ်က ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်သည်။ လွင်ဦးက ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့သဖြင့် အရေးယူထားကြောင်း သိရှိရသည်။ (၀၁၂)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဆောင်ရွက်နိုင်ရေး ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP- United Nations Environment Programme)တို့ ပူးတွဲဆောင်ရွက်သည့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေ ပြုမူဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်မှု အစီရင်ခံစာမူကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)မိုင်ရှိ မြိုင်ဟေဝန်ကဖေး၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ရှေးဦးစွာ စီမံကိန်းစီမံခန့်ခွဲသူများ အဖွဲ့ခေါင်းဆောင် ဒေါက်တာစံလှသော်(အငြိမ်းစားညွှန်ကြားရေးမှူးချုပ် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန)က နှုတ်ဆက်အမှာစကားပြောကြားသည်။

ထို့နောက် စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ငွေ(ညွှန်ကြားရေးမှူးချုပ် ပူးတွဲ-ငြိမ်း၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန)က စီမံချက်သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်းညှိနှိုင်းရေးမှူး ဦးအောင်ဝင်း (ကုလသမဂ္ဂအတိုင်ပင်ခံ ကျွမ်းကျင်သူပညာရှင်)က စီမံချက်နှင့် စပ်လျဉ်း၍ ပြည့်စုံစွာရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းနှင့်စာနယ်ဇင်းများမှသတင်းထောက်များ၏ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ အစီရင်ခံစာမူကြမ်းကို ပြည်သူများသိရှိနိုင်သည်အထိ ဖြန့်ဝေရန် စီစဉ်လျက်ရှိပြီးပြည်သူများ၏ အကြံပြုချက်များကိုလည်း လက်ခံသွားမည်ဖြစ်ကြောင်း၊ ပြီးပြည့်စုံသော အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ၂၀၁၂ခုနှစ် ဧပြီလတွင် အပြီးသတ်ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့တို့သို့ တင်ပြပြီး ခွင့်ပြုချက်ရပါက ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်ဌာနသို့ ပေးပို့မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေး ကတ်ပြားများထုတ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၉

မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အမှတ်(၈)ရပ်ကွက်အတွင်းရှိ ရပ်ကွက်ရုံး၌ပြုလုပ်ရာ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးသိန်းနိုင်နှင့်အဖွဲ့တို့ဖြင့် ပူးပေါင်းကာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)** (၁၆၆)

တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲနှင့် အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများကို မတ် ၁ ရက်မှစ၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် စစ်တုရင် အားကစားမယ်များသည် ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံး အဖွဲ့မှူး ဦးမျိုးဇော်မင်း ဖုန်း-၀၉-၇၃၁၆၈၂၈၄၊ ၃၇၅၅၇၃ သို့ အမည်စာရင်းသွင်းပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းနိုင်သည်။

၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဇော်ဦးနှင့် ဟံမင်းစိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝင်းဇော်ထွန်း၊ ညီညီလွင်၊ ဇော်ဝင်း၊ သန်းမင်းလှိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကျော်လင်းနိုင်၊ ငွေးမင်းလွင်၊ ဝင့်သူ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်မျိုးလှိုင်၊ ဝင်းထွန်း၊ နေဦးကျော်ထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကျော်ကျော်စိုး၊ မျိုးနိုင်၊ မင်းထူး၊ မန္တလေးတိုင်းဒေသကြီးမှ သူရိန်မောင်တို့သည် ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာ စစ်တုရင်အဖွဲ့ချုပ်ခန်းမ၌ ကျင်းပမည့်အားကစားသမားများ ပါဝင်သောအစည်းအဝေးသို့ တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ဦးကျော်-သတင်းစဉ်)**

ရန်ကုန်မြို့အတွင်း အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ရန် နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင် ဧပြီ ၁ရက်မှစတင်၍ စွန့်ပစ်ဘူရားပန်း၊ အလှဆင်ပန်းနှင့် မီးဖိုချောင်ထွက်အမှိုက်၊ စားကြွင်းစားကျန်စသည့် အမှိုက်စိုများကို အပြာနုရောင် ပလတ်စတစ်အိတ်ဖြင့် လည်းကောင်း၊ ထုပ်ပိုးကုန်များ၊ အိမ်ပြင်ရာအိမ်ဖျက်ရာမှ ထွက်လာသည့်ပစ္စည်းများ၊ မီးသီး မီးချောင်း အကျွမ်းများ၊ ပုလင်းကွဲ၊ စက္ကူ၊ အဝတ်စုတ်စသည့် အမှိုက်ခြောက်များကို အစိမ်းနုရောင်ပလတ်စတစ်အိတ်ဖြင့် လည်းကောင်း လုံခြုံစွာချည်နှောင်၍ သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊ အမှိုက်စိုကိုနေ့စဉ် စွန့်ပစ်ခွင့်ရှိကြောင်းနှင့် အမှိုက်ခြောက်ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့ နှစ်ရက်သာ စွန့်ပစ်ခွင့်ရှိကြောင်းဖြင့် နှိုးဆော်ကြေညာချက်ထုတ်ပြန်ထားသည်။

ပြင်ပတွင် အမှိုက်အိတ်မှာ(၉လက်မ× ၂၀ လက်မ)အရွယ် ၁၅ ကျပ်နှုန်း၊ (၁၂ လက်မ × ၂၅လက်မ) အရွယ် ကျပ်၂၀ နှုန်းနှင့် (၁၆ လက်မ ×၃၂လက်မ)အရွယ် ကျပ် ၈၀ နှုန်း ခန့်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အိမ်ရှင်မအချို့က "အမှိုက်အိတ်ကို အရောင်နဲ့သတ်မှတ်ထားတော့ အပြင်က ပလတ်စတစ်အိတ်ကို မဖြစ်မနေဝယ်သုံးရမယ့် အခြေအနေဖြစ်နေတယ်။ မီးဖိုချောင်ထွက် အမှိုက်ဆိုတာ နေ့စဉ်ထွက်နေတာ၊ အိမ်မှာစုထားပြီး ရက်ခြားပစ်ဖို့ကလည်း အနံ့အသက်ရှိတော့ ထားလို့မရဘူး၊ အဲဒီလို နေ့စဉ်ပစ်ရင် ပလတ်စတစ်အိတ်ဖိုးကလည်း နေ့စဉ်ကုန်ကျနေမယ်။ တစ်ရက်နှစ်ရက်မှာ မသိသာပေမယ့် ရက်ကြာလာရင် အိတ်ဖိုးစရိတ်ကထောင်းလာမယ်၊ အထွေထွေစရိတ်ကြီးမြင့်နေတဲ့ အချိန်မှာ အမှိုက်ပစ်စရိတ် ထပ်ကြီးနေမယ်ဆိုရင် မကောင်း"ဟု ပြောဆိုနေကြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစည်းအဝေးတွင် ဇေယျာသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း သယ်ယူစရိတ်များ ကြီးမြင့်ခြင်းနှင့် အခြားမလိုအပ်သော ကုန်ကျစရိတ်များမြင့်မားခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားခဲ့သည်။

သုံးသပ်ပြောကြား

အရောင်ဖြင့် အိတ်များသုံးရမည်ဆိုသည်မှာလည်း မလိုလားအပ်သော ကုန်ကျစရိတ်ပင်ဖြစ်ကြောင်း၊ ဈေးဝယ်သည့်အခါ ဈေးဆိုင်များမှ ပစ္စည်းထုပ်ပိုးပေးသည့် ပလတ်စတစ်အိတ်ခွံများ အများအပြား အိမ်ရှင်မများထံတွင်ရှိကြောင်း၊ မလိုလားအပ်သော ကုန်ကျစရိတ်များ မရှိစေရေးအတွက် ယင်းပလတ်စတစ်အိတ်များကို လုံခြုံစွာချည်နှောင်စွန့်ပစ်မည်ဆိုပါကလည်းရနိုင်ကြောင်း၊ မြို့တော်စည်ပင်အနေဖြင့် အမှိုက်စိုပုံး၊ အမှိုက်ခြောက်ပုံးဟု သီးခြားခွဲ၍ လက်ခံသွားပါက ဖြစ်နိုင်ကြောင်းနှင့် အထွေထွေအသုံးစရိတ်ဖြင့် ဝန်ပိနေသော အိမ်ရှင်မများအား ဝန်ပိုမိုပိအောင် မလုပ်သင့်ကြောင်း၊ အခြားသင့်တော်သော နည်းရှိလျှင် ကောင်းမည်ဖြစ်ကြောင်းဖြင့် သုံးသပ်ပြောကြားနေကြသည်။ **(မောင်လှိုင်)**

စစ်မှုထမ်းဟောင်းနှင့်သားသမီးများအား ထောက်ပံ့ငွေပေးအပ်

ကျောက်ဖြူ ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း (ဗဟိုဌာနချုပ်)မှ အသက် ၇၅ နှစ်အထက်၊ မသန်စွမ်းနှင့် ဂုဏ်ထူးရစစ်မှုထမ်းဟောင်း သားသမီးများအား ထောက်ပံ့ငွေချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျောက်ဖြူမြို့ ရမ္ဗာဝတီခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသက်လွင်ဦး(ငြိမ်း) က ဗဟိုဌာနချုပ်မှ ချီးမြှင့်ငွေကို အသက် ၇၅ နှစ်အထက် တစ်ဦး၊ မသန်စွမ်း စစ်မှုထမ်းဟောင်း ငါးဦးနှင့် ဂုဏ်ထူးရစစ်မှုထမ်းဟောင်း သားသမီး တစ်ဦးတို့အား ထောက်ပံ့ပေးအပ်ပြီး မြို့နယ်စည်းရုံးရေး ကော်မတီကလည်း တစ်ဦးလျှင် ချီးမြှင့်ငွေကျပ် ၁၅၀၀၀ စီဖြင့် စုစုပေါင်း ၁၇ ဦးအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ပြည်ထောင်စု လွှတ်တော် အစည်းအဝေး အဌမနေ့သို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အဌမနေ့ ဆက်လက်ကျင်းပ

အမျိုးသားစီမံကိန်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၅၄) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အမျိုးသားစီမံကိန်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ယင်းသို့ဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်၊ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၊ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၊ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူနှင့် တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေတို့က ရင်းနှီးမြှုပ်နှံမှု၊ စက်မှု၊ ဝန်ဆောင်မှု၊ သစ်တောပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ စွမ်းအင်၊ သတ္တု၊ လျှပ်စစ်စွမ်းအား၊ ဆောက်လုပ်ရေး၊ စီမံကိန်း၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ သာသနာရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၅၀ တွင်ရပ်နားပြီး အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာအနုပညာ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

(၈၄)ကြိမ်မြောက် အော်စကာဆုအတွက် အမည်စာရင်းများထွက်ပေါ် ရုပ်ရှင်မင်းသား ဂျော့ကလူနေနှင့် မင်းသမီး မီလီလျံ ရေပန်းစားနေ

ရုပ်ရှင်မင်းသမီး မာရယ်စတိပ်

ရုပ်ရှင်မင်းသား ဂျော့ကလူနေ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၉

၂၀၁၂ ခုနှစ်ရဲ့ (၈၄)ကြိမ်မြောက် အော်စကာ ရုပ်ရှင်အကယ်ဒမီဆု ချီးမြှင့်ပွဲအခမ်းအနားကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာရှိတဲ့ ကိုဒတ်ကဇာတ်ရုံမှာ လာမယ့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပတော့မှာဖြစ်ပါတယ်။

အော်စကာ ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲကို အမေရိကန်နိုင်ငံ ဟောလိဝုဒ်မှာရှိတဲ့ ဟောလိဝုဒ်ရိုစ်ဘတ်ဟိုတယ်မှာ ၁၉၂၉ ခုနှစ် မေ ၁၆ ရက်က စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်က ၁၉၂၇ ခုနှစ်နဲ့ ၁၉၂၈ ခုနှစ် ရုပ်ရှင်ရာသီမှာ ပြသခဲ့တဲ့ရုပ်ရှင်ကားတွေထဲက ရွေးချယ်ပြီး ဆုချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်က စတင်ပြီး လော့စ်အိန်ဂျလိစ်မြို့ ဟောလိဝုဒ်မှာရှိတဲ့ ကိုဒတ်ကဇာတ်ရုံမှာ ပြောင်းရွှေ့ကျင်းပခဲ့ပါတယ်။

မကြာမီ ကျင်းပတော့မယ့် (၈၄)ကြိမ်မြောက် အော်စကာ ရုပ်ရှင် အကယ်ဒမီဆုကိုတော့ ၂၀၁၁ ခုနှစ် အတွင်းမှာ ပြသခဲ့တဲ့ ဇာတ်ကားတွေထဲက ရွေးချယ်ပြီး ဆုတွေချီးမြှင့်မှာ ဖြစ်ပါတယ်။ (၈၄)ကြိမ်မြောက် အော်စကာ ရုပ်ရှင် အကယ်ဒမီဆုအတွက် ပဏာမအမည်စာရင်းထွက်လာပြီးတဲ့နောက် ရေပန်းစားနေတဲ့ ဇာတ်ကား၊ ဒါရိုက်တာနဲ့ သရုပ်ဆောင်တွေရဲ့ အမည်တွေလည်း ပရိသတ်အကြားမှာ ထွက်ပေါ်လာပြီ ဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး မီချယ်လီဝီလီလျံ

ရေပန်းစားနေတဲ့ ဇာတ်ကားတွေကတော့ The Artist၊ The Descendants၊ Extremely Loud & Incredibly Close၊ The Help၊ Hugo၊ Midnight in Paris၊ Moneyball၊ The Tree of Life နဲ့ War Horse ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။

အော်စကာဆု ရမယ်လို့ ရေပန်းစားနေတဲ့ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်တွေကတော့ A Better Life as Carlos Galindo ဇာတ်ကားမှာ သရုပ်ဆောင်ထားတဲ့ ဒီမိန်းဘီချာ၊ The Descendants as Matt King ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

☆ ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲရေးဆိုသည်မှာ ဝါဒဖြန့်စကားမဟုတ်။ ပြည်ထောင်စုသားအားလုံး၏ တကယ့်ဘဝအတွက် လိုအပ်ချက်ကြီးပင်ဖြစ်သည်။ ဤအချက်ကို မြန်မာနိုင်ငံသားအားလုံးက အငြင်းပွားစရာမလိုသောခံယူချက်အဖြစ် လက်ခံကျင့်သုံးကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသူမှန်လျှင်၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် လိုလားသူမှန်လျှင် ပြည်ထောင်စု၏အကျိုးအတွက် အားသွန်ခွန်စိုက်ပါဝင်ထမ်းဆောင်ကြရမည်သာ ဖြစ်သည်။ မောင်မောင်မျိုး(ပဲခူး)၏ ဆောင်းပါး စာ - ၈၊ ၉

☆ စည်းလုံးချစ်ခင် ထာဝစဉ် ကိုရွှေရွှေ(ဒဂုံတောင်)၏ ကဗျာ စာ-၈

နိုင်ငံတကာအားကစား

မြင့်မောင်စိုး - ရေးသားသည်

အာဖရိကဖလားအကြိုဗိုလ်လုပွဲ ဇမ်ဘီယာနှင့် အိုင်ဗရီကိုစ်တို့နိုင်ပွဲရ

ကိတ်တောင်း ဖေဖော်ဝါရီ ၉

အာဖရိကဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် ဇမ်ဘီယာနှင့်ဂါနာ၊ မာလီနှင့် အိုင်ဗရီကို့စ် အသင်းတို့ ဖေဖော်ဝါရီ ၉ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ဇမ်ဘီယာနှင့် အိုင်ဗရီကို့စ်တို့ အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။ ဇမ်ဘီယာနှင့် ဂါနာအသင်းတို့ပွဲတွင် **(အောက်ပုံ)** ဂါနာအသင်းက ပွဲအစ ရှစ်မိနစ်၌ပင် ပယ်နယ်တီရရှိသော်လည်း လွဲချော်ခဲ့မှုကြောင့် နစ်နာခဲ့ရသည်။ ***စာမျက်နှာ ၃ ကော်လံ ၃*** ❍

ကျန်းမာရေးသုတ

အေအိုင်ဒီအက်စ်ရောဂါကုသသည့် ဆေးဝါးများ ဈေးအသက်သာဆုံးဖြင့် ထုတ်လုပ်မည်

ချိုချိုပြုံး ရေးသားသည်

ကမ်ပါလာ ဖေဖော်ဝါရီ ၉

ယူဂန္ဓာနိုင်ငံတွင် ဈေးသက်သာပြီး ကုသရာတွင် ပိုမိုထိရောက်သော HIV /AIDS ဆေးဝါးများကို လာမည့်လတွင် စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း ယူဂန္ဓာနိုင်ငံ နယူးဗားရှင်းသတင်းစာ၌ ဖေဖော်ဝါရီ ၈ ရက်က ဖော်ပြထားသည်။

တန်နိုဖိုဗီယာအမည်ရှိ ၄င်းဆေးကို ပြည်တွင်းကုမ္ပဏီဖြစ်သည့် Quality Chemicals Pharmaceutical မှ ထုတ်လုပ်မည်ဖြစ်ကြောင်း နိုင်ငံပိုင် နေ့စဉ်သတင်းစာ နယူးဗားရှင်းတွင် ဖော်ပြထားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ◆

10-2 (20).pmd 1 2/10/2012, 1:56 AM